ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (23-4-2006) (၄၉၃၆)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိမိတို့သည် တိုင်းပြည်အတွက်၊ ပြည်သူများအတွက် စေတနာအရင်းခံ၍ ကြိုးစားပမ်းစားအလုပ်လုပ်လျက်ရှိ အခက်အခဲများကြားမှပင် တစ်တိုင်းပြည်လုံး သိသိသာသာ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိနေ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေး ဒီမိုကရေစီကို စည်းကမ်းတကျ မတည်ဆောက်နိုင်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများ လွှမ်းမိုးပျက်စီးနိုင်

☆ **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာမှုရရှိအောင် ထူထောင်ရင်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်(၇)ရပ်ကို ပြီးမြောက်သွားအောင် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်သွားမည်။**

ရန်ကုန် ဧပြီ ၂၂

ရခိုင်ပြည်နယ်ခရီးစဉ်မှ ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်း ကျွန်းကုန်းတံတား တည်ဆောက်မည့် နေရာနှင့် ဖျာပုံတံတားတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ယနေ့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၄-၂၀၀၆
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့တည်ဆောက်လုပ်ငန်းများအချိန်မီပြီးစီးရေး အားထုတ်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ ပြည်တွင်းရှိ သယံဇာတ စွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားအရင်းအမြစ်များကိုရယူ၍ ကြိုးပမ်းဆောင်ရွက်နေသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် ကဏ္ဍအလိုက် စီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နိုင်ငံပိုင် စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှု အရည်အသွေးကို မြှင့်တင်ပေးရင်း သွင်းကုန်အစားထိုးစက်ရုံ၊ အလုပ်ရုံအသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂)စက္ကူစက်ရုံအတွင်း၌ တည်ဆောက်သွားမည့် တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံနှင့် တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီလ ၂၁ရက်နေ့က အဆိုပါ စက်ရုံသစ်တည်ဆောက်မည့် မြေနေရာ၌ ကျင်းပခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာကော်ပိုရေးရှင်းနှင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်ပြီး ယင်းစက်ရုံပြီးစီးပါက ပလိပ်မြို့ရှိ သတင်းစာ စက္ကူထုတ်လုပ်ရေးစက်ရုံအတွက် လိုအပ်သော ပျော့ဖတ်တန် ၃၀ ကို ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

အလားတူ တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ)ကို တည်ဆောက်ပြီးစီးပါက မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့ရှိ ဘိလပ်မြေစက်ရုံများအတွက် လိုအပ်လျက်ရှိသော ထုပ်ပိုးစက္ကူညိုများကို လုံလောက်စွာ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနက အဆိုပါစက်ရုံများကို တည်ဆောက်ရာတွင် ပြည်တွင်းစက္ကူသုံးစွဲမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ စက္ကူတင်သွင်းမှုကို လျော့ကျစေရန်၊ ပျော့ဖတ်ကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားငွေ တိုးတက်ရှာဖွေရန် ရည်ရွယ်ချက်များထားရှိသည်။ ထို့အပြင် ခေတ်မီနည်းပညာများ ရရှိစေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ၍ ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့်လည်း တည်ဆောက်နေခြင်းဖြစ်သည်။

ယခုအခါ ဧရာဝတီတိုင်း သာပေါင်းမြို့နယ်အတွင်းရှိ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံအပါအဝင် ယခုတည်ဆောက်မည့် တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ် ပျော့ဖတ်စက်ရုံနှင့် တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ(ရေနီ)တို့မှ ပျော့ဖတ်နှင့် စက္ကူများ ထုတ်လုပ်သွားမည်ဖြစ်ရာ ပြည်တွင်းစက္ကူလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ဖြင့် စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၁ ရက်က ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးသောင်း အဖွင့်အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ဆရာဝန်အသင်း သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ် (CME) က အထွေထွေရောဂါကု ဆရာဝန်များအတွက် Common Clinical Problems(2006) သင်တန်းကို မေ ၆ရက်မှ ဇူလိုင် ၂ရက်ထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းဖွင့်မည်ဖြစ်ရာ တက်ရောက်လိုသည့်ဆရာဝန်များသည် မေ ၂ရက်မှ မေ ၅ရက်အထိရုံးချိန်အတွင်း စာရင်းသွင်းနိုင်သည်။

(သတင်းစဉ်)

ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်ထုတ်လုပ်ရေးစက်ရုံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်ထုတ်လုပ်ရေးစက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မွန်းတည့်၁၂ နာရီတွင် ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်စက်ရုံသို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စက်ရုံမှူး ဦးခင်မောင်ဖူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်ရွက်လုပ်ငန်း ဆောင်ရွက်နေမှုများကို တစ်ခုချင်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်စက်ရုံအတွင်း၌ အချင်း ၂၄လက်မ၊ အချင်း ၃၆လက်မ၊ အချင်း လက်မ ၆၀ ရှိ ကြိုတင်အားဖြင့် ကွန်ကရစ်ပိုက်များ ထုတ်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြို့တော် ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)၏ ဒုတိယအဆင့်နှင့် တတိယအဆင့်တွင် အရေးတကြီး လိုအပ်နေသည့် အချင်း လက်မ ၆၀ ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်ကို အများဆုံးထုတ်လုပ်ရမည်ဖြစ်၍ ဝန်ထမ်းအင်အားအပြည့်ဖြင့် အချိန်ပြည့် ၂၄ နာရီပတ်လုံး ကြိုးကြိုးစားစား စေတနာအပြည့်ဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

(၁၉)



ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် ဇနီး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်နှင့်ဇနီးတို့အား အမှူးထားပြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့ ပဉ္စမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုပွဲကို ဧပြီ ၂၂ရက်က အင်းစိန်ရဲစခန်းဝင်းအတွင်း ကျင်းပပြီး လောကချမ်းသာ အဘယလာဘမုနိဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (၆၁)

ရန်ကုန်စီးပွားရေးလမ်းညွှန် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်စီးပွားရေးလမ်းညွှန်(Yangon Business Directory) စာအုပ်ကို Eureka Co., Ltd. က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



ယင်းစာအုပ်တွင် ရန်ကုန်၊ ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ ပဲခူး၊ မော်လမြိုင်၊ ဘားအံ၊ စစ်တွေ၊ ပုသိမ်စသည့် မြို့နှင့် ယင်းမြို့များနှင့်ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြို့ပေါင်း ၂၂ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာ၊ အချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေး လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖော်ပြထားသော လုပ်ငန်းခေါင်းစဉ် ၆၀၀ကျော်နှင့် လိပ်စာအချက်အလက်ပေါင်း ၆၀၀၀၀ ကျော်ကိုလည်း စုစည်း၍ ထုတ်ဝေထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်း ခေါင်းစဉ်နှင့် စီးပွားရေး လုပ်ငန်းလိပ်စာ အချက်အလက်များကို (မြန်မာအက္ခရာစဉ်) အဘိဓာန်စဉ် နည်းဖြင့် အသုံးပြုရလွယ်ကူအောင် စီစဉ်ဆောင်ရွက်ထားသည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို Eureka Co. Ltd. အမှတ်(၁၄၅)၊ ၃၆ လမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း(၀၁-၂၅၃၂၉၅၊ ၂၅၀၁၂၁ နှင့် H-2 ပထမထပ် ၇၈ လမ်းနှင့် လမ်း ၃၀ထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း ၀၉-၅၀၀-၉၁၀၁ တို့က ဖြန့်ချိကြောင်း သိရသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၂-၄-၂၀၀၆)

မင်းဘူးနှင့် မကွေး

၄၂ ဒီဂရီ စင်တီဂရိတ်

(၁၀၈ဒီဂရီဖာရင်ဟိုက်)

ငြိမ်းချမ်းခြင်းသည်သာ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာ၊ အမွန်မြတ်ဆုံးအရာ၊ အလှဆုံးအရာ

မြင့်စိုး(နတလ)

(၁)

ကျွန်တော့်ဘဝ၌ သိလိုတာတစ်ခုကို သိခွင့်ကြုံကြိုက်အောင် ငါးနှစ်တန်သည်၊ ဆယ်နှစ်တန်သည် စောင့်ရတာမျိုးလည်း ရှိခဲ့ဖူးပါသည်။ ဥပမာအားဖြင့် ကျွန်တော်တို့ စစ်တက္ကသိုလ်တက်သည့်နှစ်၌ ပွိုင့်၆၀၄၁ တောင်ကုန်းတိုက်ပွဲ အရှိန်အဝါက ကြီးနေဆဲ။ ယင်းတိုက်ပွဲ ဖြစ်စဉ်တစ်ခုလုံးကို ကွပ်ကဲတိုက်ပွဲဝင်ခဲ့သူ ဗိုလ်မှူးသီဟသူရ သိန်းထွန်းတင်ကိုယ်တိုင်ကျောင်းသို့ရောက်လာပြီး သင်ခန်းစာပို့ချပေးခဲ့သည်။ သဲမြေပုံများဖြင့် ရှင်းလင်းခဲ့သည်။ ၎င်းပွိုင့်၆၀၄၁ တောင်ကုန်းတိုက်ပွဲ သင်ခန်းစာ အကျဉ်းစာအုပ်ကို ကျောင်းဆင်းပြီး သွားလေရာရာ ယူသွားဖြစ်သည်။

၁၉၈၈ ခုနှစ်က တန့်ယန်းမြို့သို့ပြောင်းရွှေ့ရောက်ရှိပြီး နောင်လိုင်စခန်းကို တာဝန်ယူရသောအခါတွင်မှ ပွိုင့် ၆၀၄၁၊ ပါဖန်၊ နောင်လိုင်စခန်း တိုက်ပွဲများကို မြေပုံ၌ပြန်တင်၍လေ့လာကြည့်မိသည်။ ယင်းတိုက်ပွဲအကြောင်း သိမီလိုက်သော ကျေးရွာလူကြီးများကလည်း ဂဃနဏပြန်ပြောပြကြသည်။ ထိုစဉ်က ဗကပတို့၏ စစ်ရေးရည်မှန်းချက်များနှင့် တိုက်ကွက်ဖော်မူပုံသဏ္ဌာန်များကို ပိုမိုသိရှိလေ့လာနိုင်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော စီစီဝမ်–တာပန်တိုက်ပွဲနှင့် ပတ်သက်၍လည်း ထိုနည်းနှင်နှင်ပင်။ ၎င်းတိုက်ပွဲတွင် တပ်မတော်(လေ)မှ ကျွန်တော့် သူငယ်ချင်း မျိုးမြင့်နှင့် ဗိုလ်ကြီးတင်ကိုတို့ ကျဆုံးသွားခဲ့သည်။ နောင် ၁၀ နှစ်ခန့်ကြာသောအခါ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားဒေသမှ တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးနှင့်ဆုံသည်။ ယခင်က ဗကပလက်အောက်၌ သူတို့နေထိုင်ခဲ့ရသည့် အတွေ့အကြုံများကို ပြောပြသည်။ ဗကပခေါင်းဆောင်ပိုင်းတွင် တိုင်းရင်းသားများကို နေရာမပေးပုံ၊ ဖိနှိပ်ချုပ်ချယ်ခံခဲ့ရပုံ၊ တိုက်ပွဲကြီးများ၌ တိုင်းရင်းသား ကလေးငယ်များ ရှေ့တန်းမှ အသက်စွန့်တိုက်ပွဲဝင်ရပုံများ ပါဝင်သည်။

ထို့ပြင် စီစီဝမ်–တာပန်တိုက်ပွဲတွင် ၎င်းကိုယ်တိုင် ပါဝင်ခဲ့ပုံ၊ တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၏ စွမ်းစွမ်းတမံ ဝင်ရောက်ထိုးစိုက်တိုက်ခိုက်မှုကို ၎င်းတို့ အလူးအလဲခံရပုံ၊ တိုက်လေယာဉ်အား မိကျောင်း(၂)စခန်းမှ ပွိုင့်(၅)စက်သေနတ်ကြီးဖြင့် ပစ်ချရပုံတို့ကို သူ့ထံမှ ပြန်လည်ကြားသိရသည်။ ထို့နောက် ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း) ရေးသားပြုစုခဲ့သော **“တပ်မတော်သားဂုဏ်ရည်”** စာအုပ် ထွက်ရှိလာသောအခါ စီစီဝမ်–တာပန်ဒေသတိုက်ပွဲ ဖြစ်စဉ်တစ်ခုလုံးနှင့် ဗကပတို့၏ မီးစာကုန်ဆီခန်း လှုပ်ရှားရုန်းကန်ပုံများကို သိရှိခွင့်ရခဲ့သည်။ ထို့ပြင် တစ်ဝယင်းစစ်ဆင်ရေးကာလ၌ ကြက်ခြေနီ၊ မီးသတ် လူငယ်များ အပါအဝင် ပြည်သူလူထုက တပ်မတော်အပေါ် လှိုက်လှိုက်လှဲလှဲ အားပေးကူညီခဲ့ပုံများကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ ဖော်ပြထားပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ စွန်းစွန်း ဆီက အဖြစ်အပျက်တစ်ခုရှိပါသေးသည်။ အချိန်ကာလအားဖြင့် ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြတ်(၄)ဖြတ် စစ်ဆင်ရေး အရှိန်အမြင့်ဆုံးအချိန်။ ဗကပဗိုလ်အောင်ဖေဦးစီးသည့် မြစ်ဝကျွန်းပေါ်တိုင်း(ဗဟို) အဖွဲ့ကို ဝိုင်းပတ်ပိတ်ဆို့ ချေမှုန်းနေချိန်ဖြစ်သည်။ ထောင်သောင်းချီသည့် ကျေးရွာ လူထုများနှင့် လက်ဆင့်ကမ်းပိတ်ဆို့ရေး ပြုလုပ်ခဲ့သည်။ ရွာမှ ကျွန်တော့် ဦးလေး၊ ဘကြီးတွေ ပါဝင်ခဲ့သည်။ ၎င်းတို့ ပြန်လာကြသောအခါ ဗိုလ်အောင်ဖေကို အသေမိ ပြီဖြစ်ကြောင်း သိရသည်။

ထိုအချိန်က ကျွန်တော်တို့ တစ်နယ်လုံး၌ ဗိုလ်အောင်ဖေဟု ဆိုလိုက်လျှင် ကလေး လူကြီးမကျန် အားလုံးသိကြသည်။ သူ့ကို ဓားခုတ်ကြီးဟူ၍လည်း ခေါ်ကြသည်။ ပါးတွင် ဓားခုတ်ရာအမာရွတ်ကြီး တစ်ခုရှိနေ၍ဖြစ်သည်။ ကျွန်တော် (၁၀)တန်းအောင်၍ စစ်တက္ကသိုလ် ဖြေသောအခါ လူတွေ့စစ်မေးစဉ် ဘုတ်အဖွဲ့ဥက္ကဋ္ဌက မြစ်ဝကျွန်းပေါ်ဖြတ်(၄)ဖြတ်အကြောင်းနှင့် ဗိုလ်အောင်ဖေအကြောင်းတွေကို ထည့်မေးခဲ့သည်။ သူကိုယ်တိုင် မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ၌ ပါဝင်ခဲ့ဖူးကြောင်း သိရှိရသည်။

ထိုမှ ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆု ရရှိခဲ့သော အနောက်တောင်တိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည့်ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၏ **“ကိုယ်တွေ့ဖြစ်ရပ်များ၊ စစ်ဆင်ရေးပြီးစစ်ဆင်ရေးမှ”** စာအုပ်ထွက်လာသောအခါ ကျွန်တော်မသိသေးသော၊ ဥာဏ်ရည် မမီခဲ့သော အကြောင်းအရာတချို့ကိုကွက်လပ်ဖြည့်နိုင်ခဲ့သည်။ ထိုအချိန်က ဗကပနှင့် KNDOအဖွဲ့များအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသအား ထိုးဖောက်ခြေကုပ်ယူ လှုပ်ရှား၍ကောက်ခံရရှိသမျှ ဆက်ကြေးထဲမှ ဗကပ(ဗဟို)သို့ နှစ်စဉ်သိန်း ၄၀ခန့်၊ KNU(ဗဟို)သို့ သိန်း ၅၀ခန့် အသီးသီး ထောက်ပံ့နေရပြီး ဗကပမြစ်ဝကျွန်းပေါ်တိုင်းသည် ရခိုင်ဒေသနှင့် တနင်္သာရီဒေသတို့အား ဗကပ(ဗဟို)နှင့် ပေါင်းကူးဆက်သွယ်ပေးနေသော ကြားခံဒေသလည်းဖြစ်ခဲ့သည်။

(၂)

“စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ” စာအုပ်ကို ဖတ်ရှုလေ့လာနေစဉ် ကျွန်တော်ငယ်စဉ်ကနေခဲ့ဖူးသော အနောက်ရိုးမတောင်ခြေမှကျောင်းကလေးများကို သတိရမိသည်။ စိန်တောင်အမက၊ လှော်ကထားအလက (ယခုအထက)၊ လေးမျက်နှာအထက စသည်တို့ဖြစ်ပါသည်။ အကြောင်းမှာ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ စစ်ဆင်ရေးများပြုလုပ်ခဲ့သောကာလသည် ကျွန်တော် ၏ မူလတန်းနှင့်အလယ်တန်းကျောင်းသားဘဝများဖြစ်ပါသည်။ ဖြတ်(၄) ဖြတ်ကာလမို့ ဆန်ဂိုဒေါင်တဲတန်းလျားများဆီသို့ နံနက်တိုင်းသွား၍ တစ်ရက်စာမိသားစု စားမည့် ဆန်ကိုထုတ်ယူခဲ့ရတာတွေ၊ စာသင်ရင်း ကြားနေရသော သေနတ်သံများဆီသို့ နားစွင့်နေမိပုံတွေ၊ ရွာဘုန်းကြီးကျောင်းတွင် စခန်းချသော တပ်မတော်သားများနှင့် ရင်းနှီးခဲ့ရပုံတွေအားလုံးကို ပြန်လည်အမှတ်ရမိသည်။

ကျွန်တော်၏ ကျောင်းသားဘဝများသည် စစ်ဆင်ရေးကာလများနှင့် ယှဉ်၍ ဖြတ်သန်းခဲ့ရသည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မိုးဟိန်းစစ်ဆင်ရေး၊ ရွှေလင်းယုန်စစ်ဆင်ရေး၊ ရွှေလဝင်းစစ်ဆင်ရေး၊ ဧရာမင်းစစ်ဆင်ရေး၊ တိုင်းလုံးအောင်စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။ တိုင်းလုံးအောင်စစ်ဆင်ရေးသည် သောင်းကျန်းသူ အကြွင်းအကျန်အားလုံးကို တံမြက်စည်းလှဲသလို ရှင်းလင်းပစ်ခဲ့သော ကောက်သင်းကောက် စစ်ဆင်ရေးလည်း ဖြစ်ပေသည်။ ၁၉၇၂ ခုနှစ်၌ ဘိုကလေးမြို့နယ်အတွင်းသို့ ပြည်ပြေးများ ဝင်လာသောကြောင့် တပ်မတော်မှ ထော်ပိုင်စစ်ဆင်ရေးဖြင့် ရှင်းလင်းချေမှုန်းခဲ့ရသည်။ ထိုစဉ်က ဧရာဝတီတိုင်းအတွင်း မြို့နယ် ၂၆ မြို့နယ်၌ သောင်းကျန်းမှုကင်းသည့် နေရာဟူ၍ ခပ်ရှားရှားဖြစ်သည်။ အထက်ပါစစ်ဆင်ရေးများနှင့် တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းချေမှုန်းပြီး အနက်ရောင်နယ်မြေမှ အညိုရောင်၊ အညိုရောင် နယ်မြေမှ အဖြူရောင်နယ်မြေဖြစ်အောင် တည်ဆောက်ရယူခဲ့ခြင်းဖြစ်သည်။

ယခုအချိန်၌ “ချောင်းသာ” ဟူသော အမည်ကို ကြားလိုက်ရုံမျှနှင့် စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း လူတိုင်းသိကြပါသည်။ လွန်ခဲ့သော အနှစ် ၃၀ကျော်က ယင်း ချောင်းသာ ပတ်ဝန်းကျင်တွင် တပ်မတော်စစ်ကြောင်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့်အတူ ပြည်သူလူထုအင်အား နှစ်သောင်းကျော် ပူးပေါင်းပါဝင်လျက် KNDO များအား ပိတ်ဆို့ချေမှုန်းခဲ့ရသည်ကို လူတိုင်း သိမီနိုင်မည်မထင်ပါ။

ဧရာဝတီတိုင်းအတွင်း၌သာမဟုတ် ရန်ကုန်လည်း ရန်ကုန်မို့ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို အလူးအလဲခံစားခဲ့ရသော သမိုင်းဝင်နေရာများစွာ ရှိခဲ့သည်။ လွန်ခဲ့သော ၂၀၀၁ ခုနှစ် နိုဝင်ဘာလက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ လေ့လာရေးအဖွဲ့ဝင် ၁၀၄ ဦး လာရောက်လေ့လာခဲ့ကြရာ လှိုင်မြို့နယ်အတွင်းရှိ ဘုရင့်နောင်အမှတ်(၁)စစ်ကြောရေး နှင့် တည်းခိုရေးစခန်းတွင် နေရာချထားပေးခဲ့သည်။ ၎င်းလေ့လာရေးအဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ဘို(ယခု ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)လာရောက် တွေ့ဆုံနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေ၊ လေ့လာရေးခရီးစဉ်အခြေအနေ၊ စားရေးသောက်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းပါသည်။ ဆက်လက်၍ ဥက ကောင်းကောင်းအိပ်ပျော်ကြတယ် မဟုတ်လားဟု ပဋိသန္ဓာရစကားခံကာ ယခုကဲ့သို့ ပူပင်ကြောင့်ကြမှုကင်းစွာ အိပ်စက်အနားယူနိုင်ခြင်းသည်ပင်လျှင် တည်ငြိမ်အေးချမ်းမှု၏ ရလဒ်ဖြစ်ကြောင်း၊ ရှေးယခင်က ယခုတည်းခိုဆောင် နေရာများသည် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သောနေရာများဖြစ်ကြောင်း၊ လေ့လာရေး အဖွဲ့ဝင်များ၏ ဇာတိရပ်ရွာဖြစ်သော ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသကိုလည်း တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ဖူးသည်ကို အမှတ်ရမိသည်။

အေးချမ်းတည်ငြိမ်မှု၏ ပြယုဂ်များသည် ကျွန်တော်တို့ မျက်စိအောက်၌ပင် အထင်အရှားရှိနေကြသည်။ ဥပမာဆောင်ရပါလျှင် ယနေ့ရှမ်းပြည်နယ်၏ အသည်းနှလုံးဖြစ်သော အင်းလေးကန်သည် အနားယူအပန်းဖြေစရာ၊ အင်းသားရိုးရာယဉ်ကျေးမှုများကို လေ့လာသိမှီးစရာ၊ အင်းသူအင်းသားများ၏ စီးပွားရေး အချက်အချာနေရာတစ်ခု ဖြစ်လာခဲ့သည်။ ရှေးယခင်ကာလများကမူ အင်းအရှေ့ခြမ်း၊ အင်းအနောက်ခြမ်းများ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲ ပုံသဏ္ဌာန်အမျိုးမျိုး သည် အင်းလေးကန်၏ အလှကို အကျည်းတန်အရုပ်ဆိုးစေခဲ့သည်။

(၃)

ခေတ်အဆက်ဆက် အစိုးရများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိအောင် နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း တတ်စွမ်းသမျှ ကြိုးပမ်း တည်ဆောက်ခဲ့ကြသည်။ သို့သော် ထိုက်သင့်သော အောင်မြင်မှု မရရှိခဲ့ပါ။ ယနေ့တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၉ ခုနှစ်မှစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အမျိုးသားရေး မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မည်သည့်ခေတ်အခါနှင့်မျှ မတူသော အောင်မြင်မှုများရရှိခဲ့ပြီးဖြစ်ပေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသဖြင့် ပြည်နယ်၊ တိုင်းနေရာဒေသအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းသွားခဲ့သည်။

ခေတ်အဆက်ဆက် အစိုးရများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရရှိအောင် နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း တတ်စွမ်းသမျှ ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ သို့သော် ထိုက်သင့်သော အောင်မြင်မှု မရရှိခဲ့ပေ။ ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၉ ခုနှစ်မှစ၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အမျိုးသားရေး မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မည်သည့်ခေတ်အခါနှင့်မျှမတူသော အောင်မြင်မှုများ ရရှိခဲ့ပြီး ဖြစ်ပေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသဖြင့် ပြည်နယ်၊ တိုင်းနေရာဒေသ အနှံ့အပြားတွင် တည်ငြိမ်အေးချမ်းသွားခဲ့သည်။

အထူးသဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းသွားသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၇၈၇၉၄ ဒသမ ၉၃ သန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့သည်။ အတိတ်ကာလက တိုက်ပွဲကြီးများအဆက်မပြတ် ဆင်နွှဲခဲ့၍ ကျီးလန့်စာစားနေခဲ့ကြရသော ဒေသများသည် ယခုအခါယမ်းခိုးယမ်းနံ့ကင်း၍ ဖွံ့ဖြိုးတိုးတက်သော ဒေသများအဖြစ် ဦးတည်ပြောင်းလဲနေပြီဖြစ်သည်။

ယနေ့ကျွန်တော်တို့နေထိုင်ရာ ကျေးရွာတစ်ရွာ၊ မြို့တစ်မြို့ တည်ငြိမ်အေးချမ်းမှု ရလာအောင် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။ ထိုကဲ့သို့ မြို့ရွာများပေါင်းစုနေသော ပြည်နယ်ကြီးတစ်ခုလုံး၊ တိုင်းကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရရှိရန်အတွက်မူ ပို၍ပို၍ အချိန်ယူခဲ့ရသည်။ အရင်းအနှီးပေါင်း များစွာ ပေးဆပ်ခဲ့ရသည်။ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။ အဆိုပါတည်ငြိမ်အေးချမ်းမှုသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ဆောင်ကြဉ်းပေးသောအရာလည်းမည်ပေ၏။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တည်ငြိမ်အေးချမ်းမှုသည် အခြေခံကျလှပေသည်။

သည့်အတွက်မို့ ငြိမ်းချမ်းခြင်းသည်သာ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာ။ အမွန်မြတ်ဆုံးအရာ။ အလှဆုံးအရာ။ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်သာ။ ။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးဖောက်ခွဲမှုဖြစ်ပွား

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးဖောက်ခွဲမှု ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာ အမေရိကန် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ တစ်ခုတွင် လုပ်ကိုင်နေသူ အာဖဂန်နိုင်ငံသားလေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ယခုအဖြစ်အပျက်သည် စစ်သွေးကြွများ၏ နောက်ဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ တာလီဘန် ပြောက်ကျားများ၏ လက်ချက်ဖြစ်သည်ဟု ကန်ဒါဟာပြည်နယ်ရှိ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြစ်တင်ပြောကြားသည်။ ဗုံးပေါက်ခွဲသူက ၎င်းမောင်းနှင်သည့် မော်တော်ယာဉ်ဖြင့် ကုမ္ပဏီမှ မော်တော်ယာဉ်ကို ဝင်တိုက်ကာ ဖောက်ခွဲခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့ အနောက်ဘက် မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိသော နျူကလီးယားလောင်စာ ယူရေနီယံသန့်စင်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နှင့် အီရန်တို့ စစ်မက်ဖြစ်ပွားခဲ့လျှင် ကြားနေမည်ဟု ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး ပြောကြား

မော်စကို ဧပြီ ၂၁

အမေရိကန်နှင့် အီရန်နိုင်ငံတို့ စစ်မက်ဖြစ်ပွားခဲ့ပါက ရုရှားနိုင်ငံအနေဖြင့် ကြားနေဝါဒကို ကိုင်စွဲထားမည်ဖြစ်ကြောင်း ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်နှင့် ဒုတိယကာကွယ်ရေးဝန်ကြီး ယူရီဘာ လူယက်စကီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပဋိပက္ခဖြစ်ပွားခဲ့ပါက နှစ်ဖက်စလုံးတွင် မိမိ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း ၎င်းကို ကိုးကား၍ အီတာတပ်စ်သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းကြရန်ကိုလည်း ၎င်းက တိုက်တွန်းသည်။

အီရန်နျူကလီးယားပြဿနာအပေါ် သံတမန်နည်းအရ ဖြေရှင်းမှုသည်သာ မှန်ကန်သည့် လမ်းစဉ်ဖြစ်ပြီး နျူကလီးယားပြဿနာကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ တင်းကျပ်သည့် ထိန်းချုပ်မှုအောက်မှ ဖြေရှင်းသွားသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်ကိစ္စအပေါ် စစ်ရေးအရဖြေရှင်းပါက နိုင်ငံရေးအရနှင့် စစ်ရေးအရ အမှားကြီး မှားယွင်းနိုင်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံအတွင်း တပ်ဖွဲ့ဝင်များ၏ အခြေအနေကို မိမိတို့ကောင်းကောင်းကြီး သိရှိထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် စစ်ပွဲဖြင့် ဖြေရှင်းနိုင်သည့် နည်းလမ်းမဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံခြားသတင်းများ

စွမ်းအင်ချွေတာရေး တရုတ်ဝန်ကြီးချုပ် တိုက်တွန်းပြောကြား

ပေကျင်း ဧပြီ ၂၁

တရုတ်နိုင်ငံတွင် စွမ်းအင်ချွေတာရေးမူဝါဒများကို လက်ခံကျင့်သုံးပြီး စွမ်းအင် ချွေတာနိုင်မှု နည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မကြာမီက ကျင်းပသော အစည်းအဝေးတွင် တိုက်တွန်းပြောကြားသွားသည်။

ဧပြီ ၂၀ ရက်က ကျင်းပသည့် စွမ်းအင်ဆိုင်ရာ အစည်းအဝေးတွင် ဝမ်ကြားပေါင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ စွမ်းအင်အရင်းအမြစ်များ ဖော်ထုတ်အသုံးချရေးကိုသာ အာရုံမစိုက်ဘဲ စွမ်းအင်ချွေတာရေး နည်းလမ်းများကိုပါ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် လက်ခံကျင့်သုံး သင့်ကြောင်း ဝန်ကြီးချုပ်က နှိုးဆော်သတိပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ စွမ်းအင်အရင်းအမြစ်အသစ်များ ဆက်လက်ရရှိနိုင်ရေးကိုကြိုးစားခြင်း၊ အကြိမ်ကြိမ်အဖန်ဖန် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်အရင်းအမြစ်များကို ဖော်ထုတ်သုံးစွဲခြင်း၊ စွမ်းအင်ဝယ်လိုအား အပိုင်းကို ထိန်းထိန်းသိမ်းသိမ်း ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် ကိစ္စများကို တွက်ချက်လုပ်ဆောင်သွားရန် လိုအပ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယတွင် မော်တော်ယာဉ်တစ်စီး ရေကန်အတွင်းသို့ထိုးကျ၊ ၅၁ ဦးသေဆုံး

နယူးဒေလီ ဧပြီ ၂၁

ဘတ်စ်ကားတစ်စီးသည် အဝေးပြေးလမ်းမကြီးပေါ်မှ လမ်းချော်ကာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်ရှိ ကန်တစ်ကန်အတွင်း ကြာသပတေးနေ့ နံနက်က ထိုးကျသွားခဲ့သဖြင့် ခရီးသည် ၅၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက ဖော်ပြသည်။

အဆိုပါဘတ်စ်ကားမှ ယာဉ်မောင်းသည် အာသံပြည်နယ် ဂူမာရီအမည်ရှိ ကျေးရွာအနီးတွင် လမ်းအကွေ့တစ်နေရာ၌ ချိုးကွေ့ရန် ကြိုးပမ်းစဉ် ယာဉ်ကို ထိန်းမနိုင်သိမ်းမရဖြစ်ကာ ကန်အတွင်း ထိုးကျသွားခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် အာသံပြည်နယ် ရာဟာဒေသမှ ဂူမာရီကျေးရွာတစ်ရွာရှိ မင်္ဂလာဆောင်အခမ်းအနားသို့ သွားမည့် လူ ၇၀ ခန့်ကို တင်ဆောင်လာခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မင်္ဂလာဆောင်သို့သွားသော ဘတ်စ်ကားတစ်စီး လမ်းချော်ပြီး ရေကန်အတွင်းသို့ ထိုးကျသွားသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ် ကြေးနန်းလုပ်ငန်း၌ အိန္ဒိယက ဒေါ်လာတစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

လူဆာကာ ဧပြီ ၂၁

အိန္ဒိယနိုင်ငံရှိ ဗီဒန်တာ ဓာတ်သတ္တုအရင်းအမြစ်များ ကုမ္ပဏီသည် လာမည့် သုံးနှစ်မှ လေးနှစ်တာကာလအတွင်း ကြေးနီထုတ်လုပ်သည့် ဇမ်ဘီယာနိုင်ငံ၌ အကြီးဆုံးသော ကြေးနီတွင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဇမ်ဘီယာဒေးလီးမေးလ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ဗီဒန်တာကုမ္ပဏီအပါအဝင် အဓိကကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် အိန္ဒိယနှင့် ဇမ်ဘီယာနိုင်ငံတို့သည် စီးပွားရေးဆက်ဆံမှု ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဇမ်ဘီယာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရေးဗားအိုနေးလ်ဝါလန်၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။

စိတ်ဝင်စား

ဇမ်ဘီယာနိုင်ငံ၌ သင့်တော်သည့် စီးပွားရေး လုပ်ကွက်များရှိသောကြောင့် ဗီဒန်တာကုမ္ပဏီက အရင်းအနှီးများ ပိုမိုမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပြင်သစ်နိုင်ငံ တောင်ပိုင်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်နှစ်ဦး လေ့ကျင့်နေကြသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီးနိုင်ငံတွင် ခွာနာလျှာနာရောဂါ ထပ်မံဖြစ်ပွားလျက်ရှိ

ဘရာဆီးလီယာ ဧပြီ ၂၂

ဘရာဇီးနိုင်ငံတောင်ပိုင်း မာတိုဂရော့ဆိုဒိုဆူပြည်နယ်တွင် ခွာနာလျှာနာရောဂါ ထပ်မံဖြစ်ပွားမှု ၂၀ အထိ ရှိခဲ့ကြောင်း ဘရာဇီးအာဏာပိုင်များက ကြာသပတေးနေ့တွင် အတည်ပြုပြောကြားသည်။

ပါရာနာပြည်နယ် နယ်စပ်ဒေသမှ ၂၅ကီလိုမီတာခန့်ဝေးကွာသည့် ဂျပိုတာဒေသတွင် ယင်းရောဂါ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မွေးမြူရေးနှင့် စိုက်ပျိုးရေးဌာနက ဖော်ပြသည်။

တိရစ္ဆာန် ၁၃၇ကောင်ကို စမ်းသပ်ကြည့်ရာတွင် အကောင် ၂၀သည် ယင်းရောဂါရှိသည်ကို စမ်းသပ်တွေ့ရှိခဲ့ရကြောင်း၊ ရောဂါပိုး ကူးစက်ခံရသည့် အဆိုပါ တိရစ္ဆာန်များကို ယခုရက်သတ္တပတ်တွင် သတ်ဖြတ်မည်ဖြစ်သည်ဟု မွေးမြူရေးနှင့် စိုက်ပျိုးရေးဌာနက ပြောကြားသည်။

ခွာနာလျှာနာရောဂါ နောက်ထပ်ဖြစ်ပွားသဖြင့် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄၇ သန်း ထိခိုက်ဆုံးရှုံးနိုင်သည်ဟု ယင်းပြည်နယ်မှ လယ်သမားအစည်းအရုံးက ပြောကြားသည်။

ခွာနာလျှာနာရောဂါ ဖြစ်ပွားသည့် ကောလာဟလသတင်းသည် ဗုဒ္ဓဟူးနေ့တွင် ပြန့်ပွားသွားသဖြင့် မာတိုဂရော့ဆိုပြည်နယ်ရှိ အမဲသားဈေးနှုန်းသည် ၁၇ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကြက်ငှက်တုပ်ကွေးရောဂါ သင်္ကာမကင်းဖြစ်ရသူသုံးဦး ပါကစ္စတန်၌စစ်ဆေး

အစ္စလာမ္မာဘတ် ဧပြီ ၂၁

ပါကစ္စတန်နိုင်ငံမှ အဖျားရောဂါရှိခဲ့သူသုံးဦးကို ပါကစ္စတန်ဆေးဘက်ဆိုင်ရာ သိပ္ပံဌာန (ပီအိုင်အမ်အက်ဖ်)သို့ တနင်္လာနေ့က တင်ပို့လိုက်ပြီး ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ယခုအခါ စစ်ဆေးစူးစမ်းနေကြောင်း သည်နယူးစ် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အသက် (၂၂)နှစ်ရှိ ဆီယက်ဝါလီ၊ ၎င်း၏ညီ အသက်ရှစ်နှစ်အရွယ်ရှိ ဟာလီမာနှင့် အသက် (၄၄) နှစ်အရွယ် ခါဒီဂျာအမည်ရှိ အမျိုးသမီးတို့တွင် ကြက်ငှက် တုပ်ကွေးရောဂါဆန်သည့် လက္ခဏာများတွေ့ရှိခဲ့သဖြင့် ပီအိုင်အမ်အက်ဖ်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကနေဒါနိုင်ငံ၌ ဝက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်ပွား

အော့တဝါ ဧပြီ ၂၁

ကနေဒါနိုင်ငံ နိုဗာစကော့ရှားပြည်နယ်ရှိ ဝက်မွေးမြူရေးခြံတွင် ဧပြီ ၂၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ဝက်ကောင်ရေ ၂၀၀၀ ကျော် ဆုံးရှုံးသွားကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

နိုဗာစကော့ရှားပြည်နယ် မြို့တော်ဟာလီဖတ်၏ အနောက်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာရှိ အင်နာပိုလစ်မွေးမြူရေးခြံတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။ ထိုခြံ၏ ပိုင်ရှင်မှာမစ်ချယ်နှင့်ဂျနီဖာဗစ်ဆာတို့ဖြစ်သည်။

အနာပိုလစ်ချိုင့်ဝှမ်းရှိ မီးသတ်ဌာနများမှမီးသတ်ယာဉ်များအခင်း ဖြစ်ပွားရာသို့ လာရောက်ပြီး ငြိမ်းသတ်ခဲ့ကြသည်။ သို့သော် မီးသတ်များအနေဖြင့် မီးလောင်နေသည့်ခြံကို မငြိမ်းသတ်နိုင်တော့သည့်အတွက် အနီးဝန်းကျင်ရှိ အဆောက်အအုံများသို့ မီးမကူးစေရန်သာ ကာကွယ်နိုင်ကြသည်ဟု ဆိုသည်။

မီးလောင်ခံရသော မွေးမြူရေးခြံတွင် ဝက်ကောင်ရေ ၂၅၀၀ မွေးမြူထားသည့်အနက် ကောင်ရေ ၃၀၀ခန့်သာ မီးဘေးမှ လွတ်ခဲ့ကြောင်း ခြံဝန်းကျင်တွင်နေထိုင်သူ ဟားဝတ်ဒ်ဆင်မ်က ပြောကြားသည်။

အဆိုပါခြံမှာ မီးအာမခံ ထားရှိသည့်အတွက် လျော်ကြေးပြန်လည်ရရှိမည်ဖြစ်ရာ ထိုငွေဖြင့် ဝက်မွေးမြူရေးကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်သည်ဟု ခြံပိုင်ရှင်ဗစ်ဆာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် မြစ်ရေလျှံတက်နေသည်ကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုန်ပစ္စည်းထုတ်လုပ်မှု တိုးမြှင့် နိုင်ရန် အာရှနိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံမည်

နယူးဒေလီ ဧပြီ ၂၁

အာဆီယံနိုင်ငံများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍတွင် တိုးမြှင့်နိုင်ရန်အတွက် ရင်းနှီးသည့် ဆက်ဆံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုထုတ်လုပ်ရေးဝန်ကြီး ကာမယ်နက်က နယူးဒေလီတွင် ပြောကြားသည်။

အိန္ဒိယနှင့် တရုတ်၊ အရှေ့တောင်အာရှနိုင်ငံများအတွင်း ကုန်သွယ်ရေးကြီးထွားမှုသည် ဒေသအားလုံးတွင် အမြန်ဆုံးနှုန်းဖြင့် တိုးတက်မှုရှိနေသည်ဟု အိန္ဒိယ ထုတ်လုပ်ရေးဌာနစ်ပတ်လည် ညီလာခံတွင် ကာမယ်နက်က ပြောကြားသည်။

အိန္ဒိယနှင့် အာဆီယံအတွင်း ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလတွင် အမေရိကန်ဒေါ်လာလေးဘီလီယံရှိခဲ့ရာမှလွန်ခဲ့သည့်နှစ်အတွင်း ဒေါ်လာဘီလီယံ ၂၀ အထိ ရှိခဲ့ပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏသည် အလားတူကာလအတွင်း ဒေါ်လာတစ်ဘီလီယံမှ ၁၅ ဘီလီယံ အထိ မြင့်တက်လာခဲ့သည်။

အိန္ဒိယအစိုးရက ဖော်ဆောင်ခဲ့သည့် အရှေ့မျှော်မူဝါဒက အခွင့်အလမ်းသစ်များရရှိစေရန် လမ်းပွင့်သွားပြီ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ စင်ကာပူနှင့် ထိုင်းတို့ပါဝင်သည့်ဘင်းမ်စတက်အမည်ရှိ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည်ဟု၎င်းကပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့ဝင်များ လေ့ကျင့်နေကြသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်း၌ ဓာတ်မြေဩဇာ ဖူလုံစေရေး ပြည်ပသို့တင်ပို့နေမှုကို အင်ဒိုနီးရှားပိတ်ပင်

ဂျကာတာ ဧပြီ ၂၁

ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ဓာတ်မြေဩဇာများ ပြည်ပသို့ တင်ပို့နေမှုကို အာဏာပိုင်များက ပိတ်ပင်ထားလိုက်သည့်အပြင် ပြည်တွင်းသို့ပင် ဓာတ်မြေဩဇာ ပြန်လည်တင်သွင်းရန် အနည်းငယ်ဖွင့်ပေးထားကြောင်း ဧပြီ ၂၀ ရက်က ထွက်ပေါ်လာသော သတင်းများက ဖော်ပြသည်။

အထက်ပါအတိုင်း အရေးယူ ဆောင်ရွက်ရခြင်းမှာ ပြည်တွင်း ဓာတ်မြေဩဇာသုံးစွဲမှုအတွက် ဖူလုံမှုရှိစေရန် စီမံရခြင်းဖြစ်သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဓာတ်မြေဩဇာ ရောင်းလိုအားမှာ ထောက်ပံ့ပေးနိုင်သော ပုလဲဓာတ်မြေဩဇာ ပမာဏသည် ခန့်မှန်းချက်များအရ တန်ချိန် ၅ဒသမ၆၄ သန်းရှိသည်။ ထိုအချိန်တွင်ပြည်တွင်းတောင်သူလယ်သမားများ၏မြေဩဇာဝယ်လိုအားသည် တန်ချိန် ၅ဒသမ၉၈သန်းအထိ တက်လာသည့်အတွက် လယ်သမားများမှ ဓာတ်မြေဩဇာရှားပါးသော အခြေအနေနှင့်ကြုံတွေ့နေရကြောင်း ဂျကာတာပို့စ်သတင်းစာက ဖော်ပြသည်။

လက်ရှိ အခြေအနေတွင် ပြည်တွင်းဓာတ်မြေဩဇာ ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ခွင့်ပြုထားသည်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါက ပြည်တွင်း၌ ဓာတ်မြေဩဇာ အပိုအလျှံတန်ချိန် ၁၃၀၀၀၀ အထိပင် ရှိနိုင်သေးသည်ဟု စီးပွားရေး တာဝန်ရှိသူ အထက်တန်းပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ သို့ရာတွင် ခန့်မှန်းတွက်ချက်မှုများတွင်ကွာဟမှုများရှိနိုင်သည့်အတွက် ဓာတ်မြေဩဇာတင်သွင်းခွင့်ကို ခွင့်ပြုပေးထားခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဒင်ညုမြစ်ရေလျှံ၊ ရိုမေးနီးယားပြည်သူများ ဘေးလွတ်ရာသို့ရွှေ့ပြောင်း

ဘူခါရက် ဧပြီ ၂၁

ဒင်ညုမြစ်ရေသည် အတားအဆီးဖြစ်သည့် ဆည်နံရံများကို ကျော်လွန်ရေကြီးလာသဖြင့် ဘော်လ်ကန်ဒေသ၌ ရေကြီးကာ ရွာများပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း၊ ဧပြီ ၂၀ ရက် ညသန်းခေါင်ယံကျော်တွင် ရိုမေးနီးယား၌ ပြည်သူရာပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ရိုမေးနီးယားရွာရှိ အာဏာပိုင်များက ရေကြီးမှုရပ်တန့်သွားရန် ကယ်ဆယ်ရေးလုပ်သားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူတစ်ထောင်ကျော်ကို ဘေးလွတ်ရာသို့စတင်ရွှေ့ပြောင်းပေးခဲ့ကြောင်း ရွှမ်ပရက်စ်သတင်းဌာနက ဖော်ပြ ခဲ့သည်။

သဲအိတ်များဖြင့် ရေကြီးမှုအန္တရာယ်ကို ထိန်းသိမ်းရန် ကြိုးစားခဲ့ကြောင်း၊ သို့သော် ထိုအန္တရာယ်ကို အချိန်မည်မျှကြာရှည်စွာ ထိန်းသိမ်းရမည်ကို မိမိမသိရှိကြောင်း ဘီချီတူလ်ဒီဗာလီမြို့တော်ဝန် ကွန်စတန်တင်အိုစလစ်က ရုပ်သံဌာနသို့ ပြောကြားခဲ့သည်။

ဘော်လ်ကန်ဒေသအလယ်ပိုင်းတွင် ဒင်ညုမြစ်ရေသည် အမြင့်ဆုံးအဆင့်ကို ရောက်ရှိခဲ့ပြီးနောက် မကြာသေးမီကနေအိမ်များမှ ပြောင်းရွှေ့သူပေါင်း ၇၀၀၀ ခန့်ရှိသည်။

နှင်းများအရည်ပျော်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေပိုမိုအားကောင်းလာပြီး ဆားဘီးယားဒေသရှိ လယ်ယာမြေဟက်တာ ၂၀၀၀၀၀ နီးပါး ရေနစ်မြုပ်ခဲ့သည်။ ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားရှိ ရွာသားများသည် ယမန်နှစ်က ရေကြီးမှုကြောင့် ယခုတိုင် ပြန်လည်ပြင်ဆင်မှုများ လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့ကို ကုန်းမြင့်ဒေသများသို့ပြောင်းရွှေ့ခဲ့ကြောင်းဖော်ပြခဲ့သည်။

ယမန်ညက မိုးအဆက်မပြတ်ရွာသွန်းခဲ့သော်လည်း အချို့ဒေသများတွင် မိုးရေချိန် ကျဆင်းခဲ့ကြောင်း ရိုမေးနီးယား အမျိုးသားရေအရင်းအမြစ်ဌာနက ဖော်ပြခဲ့သည်။

ရိုမေးနီးယား-ဆားဘီးယားနယ်စပ်အနီး ဧပြီ ၁၉ ရက်တွင် ဒင်ညုမြစ်ရေသည် တစ်စက္ကန့်လျှင် ကုဗမီတာ ၁၅၂၀၀ အထိ ကျဆင်းခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရေဘေးကာကွယ်ရေးလုပ်ငန်းများ အားနည်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ရကြောင်း၊ ရေကြီးမှုအန္တရာယ် ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကန်သမ္မတ၏ခြိမ်းခြောက်မှုကို အီရန်ဂရုမစိုက် ကာကွယ်ရေးဝန်ကြီး ပြောကြား

မော်စကို ဧပြီ ၂၁

အီရန် နိုင်ငံရှိ နျူကလီးယားအဆောက်အအုံများအား နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်ဖွယ်ရှိသည်ဟု အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်၏ ခြိမ်းခြောက်မှုကို အီရန်က စိုးရိမ်ကြောက်လန့်မှု မရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး မော်စတာဖာမိုဟာမက်နိုင်ဂျာက ဘာကူးမြို့တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက အီရန်အပေါ်ခြိမ်းခြောက်လာသည်မှာ ၂၇ နှစ်ရှိပြီဖြစ်၍ မိမိတို့အတွက် အသစ်အဆန်း သတင်းမဟုတ်တော့ကြောင်း၊ ထို့ကြောင့် ယင်းကဲ့သို့သော ခြိမ်းခြောက်မှုများကိုမကြောက်ရွံ့ဂရုမစိုက်ကြောင်း ၎င်းက အဇာဘိုင်ဂျန်သို့ အလည်အပတ် သွားရောက်စဉ်အတွင်းသတင်းထောက်များကို ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စကို ကမ္ဘာ့အသိုက်အဝန်းနှင့် ဆွေးနွေးနေကြောင်း၊ ယင်းပြဿနာအပေါ် မိမိတို့က ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန် အဆင်သင့်ရှိကြောင်း၊ လက်ရှိအချိန်တွင်ခြိမ်းခြောက်မှုများ ပေါ်ပေါက်လာခဲ့ပါက အီရန်က ယင်းကိစ္စရပ်သွားစေရန် အဆင်သင့်ရှိသည်ဟု မိုဟာမက်နိုင်ဂျာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ရေကြောင်း သွားလာမှုတွင် အရေးပါသော ရေလမ်းတစ်လမ်းဖြစ်သည့် ပနားမားနိုင်ငံမှ ပနားမားတူးမြောင်းကို ဧပြီ ၂၁ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မလေးရှား ကားဈေးကွက် အရောင်းကျဆင်း

ကွာလာလမ်ပူ ဧပြီ ၂၁

မလေးရှားနိုင်ငံ ကားဈေးကွက်တွင် ရောင်းချရသော မော်တော်ယာဉ်စီးရေသည် ယခုနှစ်မတ်လ၌ ၄၅၃၃၁ စီးသာရှိရာ ယခင်နှစ်အလားတူအချိန်က ရောင်းချရသော စီးရေပမာဏနှင့် နှိုင်းယှဉ်လျှင် လျော့ကျသွားကြောင်း မလေးရှား မော်တော်ယာဉ်အသင်း (အမ်အေအေ)က ဧပြီ ၂၀ ရက်နေ့တွင် ပြောကြားသည်။

ယခင်နှစ် ပထမသုံးလ ကာလအတွင်း ရောင်းချခဲ့ရသော ကားစီးရေစုစုပေါင်းသည် ၁၂၇၁၁၉ စီးရှိခဲ့ရာမှ ယခုနှစ်အလားတူကာလတွင် ကားစီးရေ ၁၂၂၈၂၉ စီးသာ ရောင်းချရကြောင်း အမ်အေအေအသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကားများ၏ ဈေးနှုန်းအခြေအနေနှင့် ကားများအပေါ် ကောက်ခံနေသော အခွန်နှုန်းထားဆိုင်ရာ မူဝါဒများ၏ ရိုက်ခတ်မှုနှင့် ယခုနှစ်ကားရောင်းချမှုအခြေအနေတို့ ဆက်စပ်မှုရှိသည်ဟု အမ်အေအေအသင်းက ကောက်ချက်ချသည်။

ကားဝယ်ယူသူများအနေဖြင့် အသုံးအစွဲကို ဆင်ဆင်ခြင်ခြင် ပြုလုပ်လာစရာရှိသဖြင့် ၂၀၀၆ ခုနှစ် ဧပြီလအတွက် ကားဈေးကွက်အခြေအနေမှာ တိုးတက်လာစရာအကြောင်း နည်းပါးသည်ဟု ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ဘားအံမြို့ သက်ကြီးပူဇော်ပွဲအခမ်းအနားနှင့် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တက်ရောက်လာကြသူများက ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တကဝိဇေထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်တို့က နိုင်ငံတော်သြဝါဒါစရိယ မဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီးတို့က ပြည်နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး ကျော်ဆွေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသက် (၇၅)နှစ်အထက် အဘိုး ၃၁ဦးနှင့် အဘွား ၄၆ဦး စုစုပေါင်း ၇၇ဦးတို့အား ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြပြီး ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ မြိုင်ကလေး ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပသည့် အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်၏ ဒုတိယအကြိမ်စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ရဟန်း အပါး ၂၁၀၊ ရှင်သာမဏေ အပါး ၄၀ တို့ အား ဆွမ်းခြောက်များကို လောင်းလှူကြသည်။

ထို့နောက် အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါညောင်ပင်သာကျောင်းတိုက်၌ ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သက်ကြီး အဘိုး၊ အဘွားများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဧည့်ပရိသတ်တို့က အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ်၏ ဒုတိယအကြိမ် စုပေါင်း ရဟန်းခံရှင်ပြု အလှူတော် မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်တို့က နိုင်ငံတော် သြဝါဒါစရိယ မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဣန္ဒြိယအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား တိုင်းမှူးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးကျော်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်လိုက်ပါလျက် ဧပြီ ၂၀ရက် နံနက် ၈နာရီခွဲတွင် ဘားအံမြို့ နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များသို့ ရာသီ သီးနှံနှင့် စားဖိုဆောင်သုံး သီးနှံ မျိုးစေ့နှင့် ပျိုးပင်များပေးအပ်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများအား ရာသီ သီးနှံနှင့် စားဖိုဆောင်သုံး သီးနှံစိုက်ပျိုးရန် မျိုးစေ့နှင့် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်နှင့် တိုင်းမှူး၏ ဇနီးတို့က တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၏ဇနီးများနှင့် မိသားစုဝင်များအား ရာသီသီးနှံမျိုးစေ့နှင့် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ရာသီ သီးနှံ စိုက်ခင်း ၉ ဒသမ ၅ ဧက၌ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ငရုတ်၊ မုန်လာ၊ ဟင်းနုနယ်၊ နံနံ၊ ဘူး၊ ပျဉ်းတော်သိမ်၊ တိုင်ထောင်ပဲ၊ ရှမ်းနံနံ၊ သင်္ဘော၊ ဒန့်သလွန်နှင့် ကင်ပွန်းချဉ် စသည့် ရာသီ သီးနှံများ စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ စိုက်ခင်းအတွင်း တပ်ရင်းမှ အရာရှိ၊ စစ်သည် မိသားစုဝင်များက ရာသီသီးနှံပျိုးပင်နှင့် မျိုးစေ့များ မြေချစိုက်ပျိုးနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဗိုလ်မှူး မျိုးမြင့်အောင်က တပ်ရင်း၏ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုး ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးပွားကိုင်းမှ ပျိုးပင်များမျိုးပွားခြင်း လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး နယ်မြေခံတပ်ရင်း ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးပွားကိုင်းနှင့် မျိုးစေ့ပျိုးပင်များ စုဆောင်းထားရှိမှု၊ ကြက်ဆူပင်စိုက်ပျိုးရန် မြေယာပြုပြင် ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်တောင်းတံတားသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပွဲတော်ရက်များ၌အသုံးပြုရန်အတွက် ငွေကျပ် ၁၀၄၆၀၀ တန်ဖိုးရှိ ရက်ကန်းစင်လေးစင်လှူဒါန်းသူ မော်လမြိုင်နေ (ရေခဲတောင် မိသားစုအထည်ဆိုင်) ဦးသိန်းဝင်း-ဒေါ်မြရင်မိသားစုအား ဧပြီ ၁၉ရက်က ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော် ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၃၀၇)

သွေးဆေးကန်ဆရာတော် ဓမ္မခရီးစဉ်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc; Phy)သည် ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ ပုပ္ပား၊ မေ ၁၃ ရက်မှ ၁၉ ရက်အထိ ဥသျှစ်ပင်မြို့၊ မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောက်မဲမြို့၊ ဇွန် ၂ ရက်မှ ၈ ရက်အထိ မိုင်းငေါ့မြို့၊ ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ သီပေါမြို့၊ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ နမ္မတူမြို့နှင့် ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ခက်သင်ရွာ စဉ့်ကူးမြို့နယ် မန္တလေးတိုင်း ဝေဇယန္တာကျောင်းတိုက်တို့ ရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဆရာတော် ဦးဃောသိတရားတော် -ပဥ္စဃီကမင်္ဂနှင့်အင်္ဂါကမင်္ဂ
၉:၁၀	၁၁။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၁၅	၄။ မေးမြန်းစူးစမ်း
၁၂:၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀	၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ကျွန်တော့မိတ်ဆွေ" အပိုင်း(၂) (ဇာတ်သိမ်းပိုင်း)**
၁:၅၁	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁:၅၉	၈။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၅	၄။ မျိုးချစ်တပ်မတော်
၄:၄၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နန်းတွင်းရတနာ (အပိုင်း-၃၃)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။ ကျန်းမာသုတ
	၁၇။ ပဟေဠိနန်းတော်
	၁၈။ **ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်**
	၁၉။ **FA Cup ဘောလုံးပွဲအစီအစဉ် - Middlebrough Vs Westham United.**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

နဂါးရုံမုစလိန္ဒာ ရုပ်ပွားဆင်းတုတော်

ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော်ပရိဝုဏ်အတွင်းရှိ နဂါးရုံမုစလိန္ဒာရုပ်ပွား ဆင်းတုတော်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို၍ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပေးသည်။

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ် ရေလုပ်ငန်း စက်မှုဇုန် ဘောဂဝတီကုန်းတော်တွင် တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် ပရိဝုဏ်အတွင်း နဂါးရုံမုစလိန္ဒာ ရုပ်ပွားဆင်းတုတော် အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဓိယအမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်မှ ဒါရိုက်တာ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး နဂါးရုံမုစလိန္ဒာ ရုပ်ပွား ဆင်းတုတော် ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်း အနားတွင် ဌာပနာတော်များကို စေတီတော်မြတ်အား ရည်မှန်း၍ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အဆိုတော် ဦးထွန်းရွှေက ထူးမခြားနား ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ သီချင်း ခန့်ကြီးဖြင့် သီဆိုပူဇော်ကာ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာ ငွေခရနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ် ပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ နဂါးရုံမုစလိန္ဒာ ရုပ်ပွားဆင်းတုတော် ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားတွင် ဌာပနာတော်များကို စေတီတော်မြတ်အား ရည်မှန်း၍ ဆရာတော်ထံဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ပရိသတ်တို့က ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ် ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့် တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကိုယူဆောင်၍ နဂါးရုံမုစလိန္ဒာ ရုပ်ပွားဆင်းတုတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ပေး ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များက ဌာပနာတော်များကို စေတီတော်မြတ်အား ရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သာယာ ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တက အနုမောဒနာတရားနှင့် ရေစက်ချ တရားတို့ကို ဟောကြားချီးမြှင့်တော်မူရာ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် ပရိသတ်တို့က နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ သည်။

ယင်းနောက် ဓာတ်တော်များနှင့် ဌာပနာပစ္စည်းများကို ကုန်းလမ်း၊ ရေလမ်းနှစ်သွယ်တို့ဖြင့် ဒေသစာရီ လှည့်လည် အပူဇော်ခံခြင်းအစီအစဉ်ကို မင်္ဂလာအချိန် နံနက် ၇နာရီခွဲတွင် စတင်ရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ သာသနာ့အလံကိုင်အဖွဲ့များက ဒေဝါဝင်း၊ရာဇာဝင်းများနှင့်အတူ ဓာတ်တော်များနှင့် ဌာပနာ ပစ္စည်းများကိုပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည် ပူဇော်ကြပြီး အမှတ်(၁)မင်္ဂလာလှေတော်ဆိပ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံ များဖြင့် သီဆိုပူဇော်၍ အဆိုတော် ဦးထွန်းရွှေက ဧကပိုဒ်ရတု ဗုဒ္ဓပူဇာတေးဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် ဓာတ်တော်များနှင့် ဌာပနာပစ္စည်းများကို ပင့်ဆောင်ရာတွင် လိုက်ပါမည့် မင်္ဂလာလှေတော်များသည် ရေဝင်းခင်း၍ အစီအစဉ်အတိုင်း စတင်ထွက်ခွာမည်ဖြစ်ရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အဖွဲ့ဝင်များသည် ဓာတ်တော်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း နဂါးရုံမုစလိန္ဒာ ရုပ်ပွားဆင်းတု တော် ဌာပနာတော်သွင်းမဟာမင်္ဂလာ အခမ်းအနားတွင် ဌာပနာတော်များကို စေတီတော်မြတ်အားရည်မှန်း၍ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

များနှင့် ဌာပနာပစ္စည်းများကို ဒေသစာရီကြွချီမည့် မင်္ဂလာ လှေတော်ပေါ်သို့ ဝင်းခင်း၍ ပင့်ဆောင်ကြသည်။

ထို့နောက် ဓာတ်တော်များနှင့် ဌာပနာပစ္စည်းများကို မင်္ဂလာလှေတော်များဖြင့် ဒေသစာရီ လှည့်လည် အပူဇော်ခံရာ မင်္ဂလာစည်တော်အဖွဲ့က လှေလှော်သံများဖြင့် သီဆိုပူဇော် ကြသည်။

ယင်းနောက် ဓာတ်တော်များနှင့် ဌာပနာပစ္စည်းများ ပင့်ဆောင်လာသည့် မင်္ဂလာလှေတော်သည် အမှတ်(၂)မင်္ဂလာ လှေတော်ဆိပ်သို့ ရောက်ရှိလာရာ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် ဓာတ်တော်များနှင့် ဌာပနာ ပစ္စည်းများကို နဂါးရုံမုစလိန္ဒာရုပ်ပွားဆင်းတုတော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နဂါးရုံမုစလိန္ဒာရုပ်ပွားဆင်းတုတော် ဌာပနာ တော်သွင်းပူဇော်ခြင်းအစီအစဉ်ကို မင်္ဂလာအချိန် နံနက် ၇နာရီ မိနစ် ၅၀တွင် စတင်ကျင်းပရာ အခမ်းအနားမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ကြား စာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ နံနက် ၇နာရီ ၅၆မိနစ်တွင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် ဌာပနာတော် များကို အစီအစဉ်အတိုင်း ထည့်သွင်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက ဌာပနာတော်သွင်း ဂါထာ၊ ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဆိုပူဇော်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင် များသည် ဌာပနာတိုက်ကိုပိတ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် ဇယန္တောဗောဓိယာမူလေ အစချီသော ဂါထာတော်များကို ရွတ်ဆိုပူဇော်သည်။

ထို့နောက်နဂါးရုံမုစလိန္ဒာရုပ်ပွားဆင်းတုတော် ဌာပနာ တော်သွင်း မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။

ယင်းနောက် ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်း အနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြပြီး အဆိုတော် ဦးထွန်းရွှေက အောင်စေပိုင်စေသီချင်းဖြင့် သီဆိုပူဇော်သည်။ (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ဧရာဝတီတိုင်း၌ မြစ်ကူးချောင်းကူးတံတားကြီး ၄၂ စင်း ကွင်းဆက်မိမိ တည်ဆောက်ပြီးဖြစ် ဧရာဝတီတိုင်းသည် သွားရေးလာရေး လမ်းပွင့်သွားကာ စီးပွားရေး သိသိသာသာဖွံ့ဖြိုးလာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကျွန်းကုန်းတံတား တည်ဆောက်မည့် မြေနေရာရွေးချယ်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် (တံတား) ဦးတင်မောင်ဦးက ကျွန်းကုန်းတံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တံတားတည်ဆောက်ရန် ရွေးချယ်ထားသည့် နေရာပြမြေပုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက တံတားတည်ဆောက်မည့် နေရာနှင့် ပတ်ဝန်းကျင်အနေအထားကို ရှင်းလင်းပြသကြသည်။

တည်ဆောက်သွားမည့် ကျွန်းကုန်းတံတားမှာ ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ် လမ်းပေါ်၌ တည်ရှိသည်။

ပြန်မလေ့ာမြစ်ဖြတ်

ကျွန်းကုန်းတံတားကို ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာနှင့် အိမ်မဲမြို့နယ် ကျုံကနိညောင်ဝိုင်း ကျေးရွာအကြား ပြန်မလေ့ာမြစ်ကို ဖြတ်၍ တည်ဆောက်သွားမည်ဖြစ်သည်။

တံတားအရှည်မှာ ပေ ၅၀၀ခန့်ရှိမည်ဖြစ်သည်။ တံတားအပေါ်ထည်ကို ဘေလီကြိုးတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အကျယ် ၁၄ပေရှိ တစ်လမ်းမောင်းတံတားဖြစ်သည်။

ဝါးခယ်မမှ ပုသိမ်သို့ ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းသုံးလမ်း ရှိသည်။ ယင်းတို့မှာ ၉၂မိုင်တစ်ဖာလုံရှိ ဝါးခယ်မ-ကျုံကနောင်-ကန်ကလေး-ပုသိမ်လမ်း၊ ၈၆မိုင်ရှိ ဝါးခယ်မ-ကျုံကနောင်-အိမ်မဲ- ဒါးက- ပုသိမ်လမ်း၊ ၆၅မိုင် ၇ဖာလုံရှိ ဝါးခယ်မ-ကျွန်းကုန်း-ရွာသစ်-အိမ်မဲ-ဒါးက-ပုသိမ်လမ်း တို့ဖြစ်သည်။

ကျွန်းကုန်းတံတား တည်ဆောက်ပြီးစီးပါက ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်လမ်းအတိုင်း သွားလာနိုင်မည်ဖြစ်ပြီး ခရီးမိုင် ၅၅ မိုင် သုံးဖာလုံသာရှိသဖြင့် ယခင်လမ်းများထက် ခရီးမိုင်တိုကာ အချိန်တိုဖြင့် ဒေသတစ်ခုနှင့်တစ်ခုကို ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ဖျာပုံတံတား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရဟတ်ယာဉ်များဖြင့် ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်း ဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖျာပုံတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် တံတား စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြီးစီးမှုအခြေအနေများ၊ ရေအမြင့်ဆုံး အချိန်၌ပင် တံတားအောက်မှနေ၍ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တံတားတည်ဆောက်ရေးစီမံကိန်း၊ လမ်းဖောက်လုပ်ရေးစီမံကိန်းများအတွက် စက်သုံးဆီနှင့် ကတ္တရာပံ့ပိုးပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးရဲထွင့်က ဖျာပုံမြို့နယ်၌ ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းမှာ ပြီးစီးခါနီးပြီဖြစ်၍ သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် စနစ်တကျ ဂရုပြုလုပ်ကိုင်ရန်လိုကြောင်း။

ဖျာပုံမြို့သည် စီးပွားရေးကောင်းသည့် မြို့ဖြစ်၍ ဤတံတားကြီး ပြီးစီးသွားပါက စီးပွားကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမှာဖြစ်ကြောင်း။

လမ်းညွှန် မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ယခုအခါ တစ်နိုင်ငံလုံး၌ပေ ၁၈၀ ...
၂၁၄စင်း တည်ဆောက်ခဲ့ပြီး ဧရာဝတီတိုင်း...
တံတားကြီးပေါင်း ၄၂စင်းကို ကွင်းဆက်မိမိ တ...
တိုင်းသည် သွားရေးလာရေး လမ်းပွင့်သွားက...
သာသာ ဖွံ့ဖြိုးလာကြောင်း။

လမ်းများကောင်းအော...

ထို့ကြောင့် ခြုံလိုက်လျှင် မိမိတို့သည်...
လိုအပ်သော တံတားကြီးများကို ပြည့်စုံလုနီးပါ...
တံတားများနှင့် ဆက်စပ်နေသည့် လမ်းများကော...
လုပ်ကိုင်ရန်လိုကြောင်း။

လမ်းများနှစ်ဟုသတ်မှတ်၍ လမ်းများ...
ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြ...

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ...
တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြ...

ဖျာပုံတံတားကို ဖျာပုံမြစ်ကိုဖြတ်၍ ဖျာ...
ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဆ...
ဖြစ်သည်။

ဖျာပုံတံတား၏ ပင်မတံတားမှာ ၁၃၇၂ပေ...
နှစ်ဖက်နှင့်ဆိုပါက တံတားအရှည် စုစုပေါ...
တံတားဖြစ်သည်။ တံတား၏ ယာဉ်သွားလ...
တံတားတစ်ဖက်လျှင် ခြောက်ပေစီကျယ်သည...

မကြာမီပြီးစီးရေ...

တံတားအောက် ရေလမ်းကင်းလွတ်နပ...
အမြင့် ၃၆ ပေရှိသည်။ ဖျာပုံတံတားကို မ...
ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ...
ဖြင့် ဖျာပုံမြို့သို့ ရောက်ရှိကြပြီး ဖျာပုံမြို့ ဖွံ့ဖြိုး...
များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသ...

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေန...
သီရိအဏ္ဏဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသ...

ကျွန်းကုန်းတံတား

- ကျွန်းကုန်းတံတားကို ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာနှင့် အိမ်မဲမြို့နယ် ကျုံကနိညောင်ဝိုင်းကျေးရွာအကြား ပြန်မလေ့ာမြစ်ကိုဖြတ်၍ တည်ဆောက်သွားမည်ဖြစ်သည်။
- တံတားအရှည်မှာ ပေ ၅၀၀ ခန့်ရှိမည်ဖြစ်သည်။ တံတားအပေါ်ထည်ကို ဘေလီကြိုးတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အကျယ် ၁၄ ပေရှိ တစ်လမ်းမောင်းတံတားဖြစ်သည်။
- ကျွန်းကုန်းတံတား တည်ဆောက်ပြီးစီးပါက ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်လမ်းအတိုင်း သွားလာနိုင်မည်ဖြစ်ပြီး ခရီးမိုင် ၅၅ မိုင် ၃ ဖာလုံသာရှိသဖြင့် ယခင်လမ်းများထက် ခရီးမိုင်တိုကာ အချိန်တိုဖြင့် ဒေသတစ်ခုနှင့်တစ်ခုကို ဆက်သွယ်သွားလာနိုင်မည်။

ဖျာပုံတံတား

- ဖျာပုံတံတားကို ဖျာပုံမြစ်ကိုဖြတ်၍ ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဆက်သွယ် တည်ဆောက်နေခြင်းဖြစ်သည်။
- ဖျာပုံတံတား၏ ပင်မတံတားမှာ ၁၃၇၂ ပေ ၈ လက်မရှိပြီး ချဉ်းကပ်တံတားနှစ်ဖက်နှင့်ဆိုပါက တံတားအရှည် စုစုပေါင်း ၃၉၃၂ ပေ ၈ လက်မရှိမည့် တံတားဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တံတားတစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းတို့ ပါရှိသည်။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်လမ်းကွန်ရက်၌ လိုအပ်သောတံတားကြီးများ ပြည့်စုံလုနီးပါး တည်ဆောက်ပြီးပြီ တံတားများနှင့်ဆက်စပ်နေသည့် လမ်းများကောင်းအောင် ထိထိရောက်ရောက် လုပ်ရန်လို

ယခုအခါ တစ်နိုင်ငံလုံး၌ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၂၁၄စင်း တည်ဆောက်ခဲ့ပြီး ဧရာဝတီတိုင်း၌ပင် မြစ်ကူး၊ ချောင်းကူး တံတားကြီးပေါင်း ၄၂စင်းကို ကွင်းဆက်မိမိ တည်ဆောက်ခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းသည် သွားရေးလာရေး လမ်းပွင့်သွားကာ စီးပွားရေးမှာလည်း သိသိသာသာ ဖွံ့ဖြိုးလာကြောင်း။

လမ်းများကောင်းအောင်လုပ်

ထို့ကြောင့် ခြုံလိုက်လျှင် မိမိတို့သည် နိုင်ငံတော် လမ်းကွန်ရက်၌ လိုအပ်သော တံတားကြီးများကို ပြည့်စုံလုနီးပါး တည်ဆောက်ပြီးသွားပြီဖြစ်၍ တံတားများနှင့် ဆက်စပ်နေသည့် လမ်းများကောင်းအောင် ထိထိရောက်ရောက် လုပ်ကိုင်ရန်လိုကြောင်း။

လမ်းများနှစ်ဟုသတ်မှတ်၍ လမ်းများကို တိုးတက်ကောင်းမွန်အောင် ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖျာပုံတံတားကို ဖျာပုံမြစ်ကိုဖြတ်၍ ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဆက်သွယ်တည်ဆောက်နေခြင်းဖြစ်သည်။

ဖျာပုံတံတား၏ ပင်မတံတားမှာ ၁၃၇၂ပေ ရှိလက်မရှိပြီး ချဉ်းကပ်တံတားနှစ်ဖက်နှင့်ဆိုပါက တံတားအရှည် စုစုပေါင်း ၃၉၃၂ပေ ရှိလက်မရှိမည့် တံတားဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တံတားတစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိသည်။

မကြာမီပြီးစီးရေး

တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ်မှာ ၂၆၅ ပေနှင့် အမြင့် ၃၆ ပေရှိသည်။ ဖျာပုံတံတားကို မကြာမီကာလအတွင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဇက်ရေယာဉ်ဖြင့် ဖျာပုံမြို့သို့ ရောက်ရှိကြပြီး ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်းအတွင်း ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးရွာသွန်းမှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် အထွက်နှုန်းများ၊ အဓိက သီးနှံ ၁၀ မျိုး စိုက်ပျိုးမှုနှင့် သီးနှံအလိုက် အထွက်နှုန်းများ၊ အမယ်သစ် သီးနှံကော်ဖီ၊ ငရုတ်ကောင်း၊ ရော်ဘာနှင့် သစ်ဆိမ့် စိုက်ပျိုးမှုများ၊ ခြံစည်းရိုးကြက်ဆူ သုံးနှစ်အတွင်း ဧကေါ်သိန်း စိုက်ပျိုးသွားမည့်အစီအစဉ်များ၊ ဒေသဆန် ဖူလုံပိုလျှံမှု အခြေအနေများ၊ ငါး၊ ပုစွန်၊ ကြက်၊ ဘဲ မွေးမြူမှုများ၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်းအတွင်းရှိ လူတစ်ဦးချင်းဝင်ငွေနှင့် တိုင်း၏ GDP တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့် တံတားကြီးများအနက် တံတားကြီး ၄၂စင်းသည် ဧရာဝတီတိုင်းအတွင်း တည်ရှိပါကြောင်း၊ နိုင်ငံတော်၏ ဖန်တီးတည်ဆောက်မှုကြောင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဧရာဝတီတိုင်းသည် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ပုသိမ်-မော်တင်လမ်းကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ သွားရေးလာရေး ပိုမိုလွယ်ကူလာမည်သာမက လမ်းဘေးဝဲ/ယာတစ်လျှောက်၌ စိုက်ပျိုးမြေသစ်များ ဖြစ်ပေါ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထပ်မံအထောက်အကူပြုမှာဖြစ်ကြောင်း။

စိုက်ပျိုးမြေကို အပြည့်အဝ အသုံးချစိုက်ပျိုးခြင်း၊ သီးနှံစိုက်ဧကများ တိုးမြှင့်ခြင်း၊ အထွက်နှုန်းတက်အောင် ကြိုးစားခြင်း၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း၊ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ဖြင့် ဧရာဝတီတိုင်း၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ထူးထူးကဲကဲဖွံ့ဖြိုး

ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရသည့် အခြေခံအကြောင်းများကိုကြည့်လျှင် ရေ၊ မြေ၊ သယံဇာတစသည့် အခြေခံအချက်များကြောင့် ဖွံ့ဖြိုးခြင်းဖြစ်သကဲ့သို့ နိုင်ငံရေးအရ ရပ်ရွာအေးချမ်းတည်ငြိမ်ခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာခြင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့်လည်း ထူးထူးကဲကဲ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း၊ ယင်းအရှိန်အဟုန်ကောင်း၊ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားရာ၌ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ ရေ၊ မြေ၊ ရာသီဥတု၊ လုပ်အားနှင့် အတတ်ပညာစွမ်းအား ပြည့်စုံရန် လိုအပ်ကြောင်း။

ဧရာဝတီတိုင်းသည် ယင်းအခြေခံအချက်များနှင့် ပြည့်စုံသည့် တိုင်းဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ အထွေထွေခေတ်နောက်ကျခဲ့ရသည့် သမိုင်းကြွေးကြောင့် အတတ်ပညာစွမ်းအား ပြည့်စုံရန်အတွက် အသိပညာ၊ အတတ်ပညာစွမ်းရည်ကို အစီအမံရှိရှိ ယခုမှ မြှင့်တင်နေရဆဲဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးသုံးခု

ထို့ကြောင့် ဧရာဝတီတိုင်း၌ ပုသိမ်၊ မအူပင်နှင့် ဟင်္သာတဟူ၍ ဖွံ့ဖြိုးရေးဒေသကြီးသုံးခု ဖွဲ့စည်း သတ်မှတ်ပြီး တက္ကသိုလ်၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ဖျာပုံတံတား တည်ဆောက်ပြီးစီးနေမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး တည်ဆောက်နေ၍ မရ ဒီမိုကရေစီဟု ဆိုရာ၌ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟု မိမိတို့ အဓိပ္ပာယ်ရှိရှိပြောဆိုနေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၉ မှ

ကောလိပ်များ ထူထောင်၍ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်၊ အိုင်တီ ပညာရှင်နှင့် အင်ဂျင်နီယာများ စုစုစည်းစည်း ပေါ်ထွက်လာအောင် စီမံဆောင်ရွက်ပေးနေရကြောင်း။

ရေ၊ မြေ၊ ရာသီဥတု အခြေအနေ ကောင်းမှု၊ လုပ်အားပြည့်စုံမှုတို့ကို အတတ်ပညာ စွမ်းရည်ဖြင့် ပေါင်းစပ်နိုင်လျှင် ဧရာဝတီတိုင်းသည် ယခုထက် ပိုမိုတိုးတက်သွားမှာ သေချာကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်

ထို့အပြင် မြစ်ချောင်းပေါများပြီး ရေပတ်လည်ဝိုင်းနေသည့်အတွက် ကုန်းလမ်းကြောင်းအရ သွားလာဆက်သွယ်မှု ခက်ခဲနေသည့် ဧရာဝတီတိုင်းအတွင်း၌ နိုင်ငံတော်အစိုးရက လိုအပ်သော လမ်းများ၊ တံတားများ တည်ဆောက်ဖန်တီး၍ ကုန်းလမ်းကြောင်းထွက်ပေါက်ရရှိအောင် ဆောင်ရွက်ပေးလိုက်သဖြင့် လမ်းပန်းဆက်သွယ်မှု အခြေအနေကောင်းမွန်ပြီး ဧရာဝတီတိုင်းသည် အရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း။

ယင်းအခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ စွမ်းအားပြည့် ကြိုးစားအားထုတ်လိုက်မည်ဆိုလျှင် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုနေသည့် တိုင်းနယ်မြေအဖြစ် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်မှာဖြစ်သကဲ့သို့ ပြည်သူတစ်ဦးချင်း၏ အကျိုးစီးပွား၊ ဒေသ၏အကျိုးစီးပွားလည်း ပိုမိုဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ရည်မှန်းချက်ရှိရှိ ကြိုးစားအလုပ်လုပ်ကြစေလိုကြောင်း။

အနာဂတ်အခြေအနေ

အလျဉ်းသင့်၍ နိုင်ငံတော်၏ နောင်အနာဂတ်အခြေအနေနှင့် စပ်လျဉ်းပြီး အနည်းငယ် ရှင်းလင်းပြောကြားလိုကြောင်း၊ မိမိတို့သည် တိုင်းပြည်အတွက်၊ ပြည်သူများအတွက် တကယ့်စေတနာ အရင်းခံ၍ မမောနိုင်၊ မပန်းနိုင် ကြိုးစားပမ်းစား အလုပ်လုပ်လျက်ရှိကြပါကြောင်း။

ထို့ကြောင့်လည်း အခက်အခဲများကြားမှပင် တစ်တိုင်းပြည်လုံး သိသိသာသာ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးကြောင်း။

စနစ်တကျဆောင်ရွက်နေ

ယင်းဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကိုလည်း အတိအလင်းချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး တည်ဆောက်နေ၍ မရကြောင်း၊ ဒီမိုကရေစီကို စည်းကမ်းတကျ မတည်ဆောက်နိုင်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများ လွှမ်းမိုးသွားပြီး ပျက်စီးသွားနိုင်သည့် အန္တရာယ်ရှိကြောင်း။

ထို့ကြောင့် ဒီမိုကရေစီဟု ဆိုရာ၌ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟု မိမိတို့ အဓိပ္ပာယ်ရှိရှိ ပြောဆိုနေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီထွန်းကား တည်တံ့ရေးအတွက် လိုအပ်သော အခြေခံကောင်းများကို အသွင်ကူးပြောင်းရေးကာလ၌ ခိုင်ခိုင်မာမာ ထူထောင်ထားနိုင်ရန် လိုအပ်ကြောင်း။

တရားဥပဒေစိုးမိုးရန်

ယင်းအခြေခံ ကောင်းများအနက် ပထမဆုံးအချက်မှာ နိုင်ငံတော်၌ နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးနေရန်ပင်ဖြစ်ကြောင်း၊ ရပ်ရွာဒေသ အေးချမ်းတည်ငြိမ်မှု မရှိပါက မည်သည့်စနစ်ကိုမျှ တည်ဆောက်၍ မဖြစ်နိုင်သည်မှာ အားလုံးကိုယ်တွေ့ပင်ဖြစ်ကြောင်း။

ဒုတိယအချက်မှာ နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေး အခြေခံကောင်းများ ရှိနေရန်ပင်ဖြစ်ကြောင်း။

တတိယအချက်မှာ ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေရန်ပင်ဖြစ်ကြောင်း။

အသိနှင့်ယှဉ်၍လုပ်

အလုပ်ဆိုသည်မှာ အသိနှင့်ယှဉ်၍ လုပ်ရခြင်းဖြစ်ရာ ပြည်သူများ၏ အသိပညာကြွယ်ဝနေရန်၊ အမှား-အမှန်ခွဲခြားနိုင်ရန် အခြေခံအားဖြင့် လိုအပ်ကြောင်း။

ဒီမိုကရေစီ၏ သဘောတရားကို မှန်မှန်ကန်ကန် သိနေရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာ မြင့်မားနေအောင် မိမိတို့ ပြုစုပျိုးထောင်နေရကြောင်း။

ယင်းအခြေခံကောင်းများမရှိသည့်အတွက် မိမိတို့နိုင်ငံ၌ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင့်သုံးခဲ့သော ပါလီမန်ဒီမိုကရေစီသည်လည်းကောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်ဒီမိုကရေစီသည်လည်းကောင်း ရေရှည်မတည်တံ့နိုင်ဘဲ ပျက်သုဉ်းခဲ့ရခြင်းဖြစ်ကြောင်း။

အခြေခံကောင်းများရအောင်ထူထောင်

ထို့ကြောင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာမှုရရှိအောင်ထူထောင်ရင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်(၇)ရပ်ကို ပြီးမြောက်သွားအောင် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့မှ ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားငုတ်တိုရွာအနီး တွံတေးတူးမြောင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် တွံတေးတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို တံတားပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တံတားချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပန်းလှိုင်တံတား၊ ဘုရင့်နောင်တံတားတို့မှ တစ်ဆင့် ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

တွံတေးတံတား၏ ပင်မတံတားမှာ အပေါ်ထည် သံမဏိကြိုးဆိုင်းနှင့် အောက်ထည်သံကူကွန်ကရစ်အမျိုးအစားတံတားဖြစ်သည်။ ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်သည်။

တွံတေးတံတား၏ ပင်မတံတားမှာ ပေ ၈၄၀၊ ချဉ်းကပ်တံတားမှာ တစ်ဖက်လျှင် ၁၃၆၅ ပေစီရှည်သည်။ တံတားကို ၂၈ ပေအကျယ် နှစ်လမ်းမောင်း တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ (သတင်းစဉ်)

ဒီမိုကရေစီထွန်းကားတည်တံ့ရေးအတွက် လိုအပ်သောအခြေခံကောင်းများ

ပထမအချက် – နိုင်ငံတော်၌ နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးနေရန်၊

ဒုတိယအချက် – နိုင်ငံတော်စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေး အခြေခံကောင်းများ ရှိနေရန်၊

တတိယအချက် – ပြည်သူများ၏ အသိဉာဏ်ပညာပိုင်း၊ အတွေးအခေါ်ပိုင်း မြင့်မားနေရန်။

အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြားတွင် မည်သည့်အခက်အခဲ အတားအဆီးမျှ မရှိ မြန်မာနိုင်ငံသည် မိတ်ဆွေနိုင်ငံများ၏ အကြံပြုချက်၊ အကြံပေးချက်တို့ကို အစဉ်လေးစား

ရန်ကုန် ဧပြီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းသို့ ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်ရောက်ရှိရာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr. Kristio Wahyono **နှင့် သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုကြသည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းနေ့ ညနေ ၅နာရီတွင် အခြားသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဥဘတ်အပန်းဖြေစခန်း၊ Bali Banjar ခန်းမ၌ အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ထင်ရှားသောပုဂ္ဂိုလ်များ (Eminent Persons Group-EPG) နှင့် တွေ့ဆုံရာတွင် အာဆီယံ၏ မျှော်မှန်းချက်ကို ၂၀၂၀ ခုနှစ်လွန်ကာလအတွက် မျှော်မှန်းသတ်မှတ်ရေး၊ အခြေခံမူများနှင့် ရည်မှန်းချက်များ ချမှတ်ရေး၊ အာဆီယံအတွင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုရေး၊ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုပြုမည့် နယ်ပယ်များ၊ အာဆီယံ၏ ပင်မအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းများ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ ပဋိပက္ခဖြေရှင်းမှုဆိုင်ရာ ထိရောက်မည့် ယန္တရားဖန်တီးရေး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ဖွဲ့စည်းမှု၊ အာဆီယံပဋိညာဉ်စာတမ်း အတည်ပြုရေး၊ အာဆီယံရန်ပုံငွေ ထည့်ဝင်မှု စသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ယင်းတွေ့ဆုံပွဲကို ညနေ ၆နာရီ မိနစ် ၂၀တွင် ရုပ်သိမ်းခဲ့သည်။

ယင်းနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲကို ည ၇ နာရီတွင် ကျင်းပရာ ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်ပြီး ညစာစားပွဲအပြီးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ဆွေးနွေးပွဲကို ဆက်လက်တက်ရောက်သည်။ ယင်းအလုပ်သဘော ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်ကို ရှင်းလင်းတင်ပြရာ၌ ၎င်း၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးတို့နှင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဤသို့ အောင်မြင်သောခရီးစဉ်ကို ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြားတွင် နှစ်နိုင်ငံ အချင်းချင်း ဆက်ဆံရေးများ၌ မည်သည့်အခက်အခဲ အတားအဆီးမျှမရှိကြောင်း၊ အာဆီယံ၏ ထုံးတမ်း စဉ်လာအတိုင်း တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ဘဲ ထိတွေ့ဆက်ဆံရေးနှင့် အကြံဉာဏ်ကောင်းများပေးရေးကို ဆက်လက်ဆောင်ရွက်သွားလိုကြောင်း တင်ပြခဲ့သည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးကလည်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်ကို ဆက်လက်ရှင်းလင်းတင်ပြရာတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံ ခရီးစဉ်နှင့် ပတ်သက်၍ အားရကျေနပ်မိကြောင်း၊ မြန်မာထိပ်တန်း ခေါင်းဆောင်ငါးဦးနှင့် အမြင်ချင်းဖလှယ်နိုင်ခဲ့သည့်အတွက်လည်း များစွာအကျိုးရှိခဲ့ကြောင်း ပြောကြားသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းက ၂၀၀၆ ခုနှစ် မတ်လအတွင်း အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံ ခရီးစဉ်၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံ ခရီးစဉ်နှင့် မလေးရှား နိုင်ငံခြားရေးဝန်ကြီးတို့၏ ခရီးစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံသည် မိတ်ဆွေနိုင်ငံများ၏ အကြံပြုချက်၊ အကြံပေးချက်တို့ကို အစဉ်လေးစားပါကြောင်း၊ သို့သော်လည်း နိုင်ငံရေးအရ ဖိအားပေးမှုများဖြစ်ခဲ့လျှင်သာ လက်ခံနိုင်မှုရှိမည်မဟုတ်ပါကြောင်း တင်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေနှင့် ပတ်သက်၍ ဝန်ကြီး ဦးဉာဏ်ဝင်းက ဆက်လက်တင်ပြရာတွင် မြန်မာနိုင်ငံ၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားတွေ့ရှိမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရ၏ ထိရောက်သော အရေးယူဆောင်ရွက်မှုများ၊ ဒေသအတွင်းအဖွဲ့အစည်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုများကို တင်ပြပြီး ယခုအခါ ကြက်ငှက်တုပ်ကွေးရောဂါကိုကောင်းစွာ ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ထိုင်း နိုင်ငံခြားရေးဝန်ကြီးက ACMECS နိုင်ငံများအကြား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ဝန်ကြီးအဆင့် အစည်းအဝေးကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် မေလဒုတိယပတ်အတွင်း လက်ခံကျင်းပလိုပါကြောင်း ကမ်းလှမ်းအဆိုပြုသည်။

ယင်းအလုပ်သဘော ဆွေးနွေးပွဲအတွင်း ပြင်သစ်နိုင်ငံအနေဖြင့် အာဆီယံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လိုခြင်းကိုအာဆီယံနိုင်ငံခြားရေး ဝန်ကြီးများက ကြိုဆိုခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုတွင် အာဆီယံက ထောက်ခံမှုပြုရေးကိစ္စ၊ ကမ္ဘောဒီးယားနိုင်ငံက အေပက်အဖွဲ့သို့ ဝင်ရောက်ရေးကိစ္စ၊ တီမောလက်စတာနိုင်ငံက အာဆီယံလုပ်ငန်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်လိုခြင်းကိစ္စ၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ရာထူးအတွက် အာဆီယံကိုယ်စားလှယ်အဖြစ် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆူရာကီယက်အား ဆက်လက်ထောက်ခံရေးကိစ္စ၊ အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲကိစ္စရပ်တို့အပေါ် ဆွေးနွေးခဲ့ကြပြီး အာဆီယံ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မလေးရှား နိုင်ငံခြားရေးဝန်ကြီးက အာဆီယံပါလီမန်များအဖွဲ့ ဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ခြင်းအစီရင်ခံစာကိုဆက်လက်တင်ပြသည်။ အဆိုပါ အလုပ်သဘော ဆွေးနွေးပွဲကို ည ၁၀နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကို ဧပြီ ၂၀ရက် နံနက် ၈နာရီတွင် မာယာ ဥဘတ်အပန်းဖြေစခန်း၏ Presidential Villa ၌ ဆက်လက်ကျင်းပ ရာ ဆွေးနွေးရန် ကျန်ရှိသည့် အာဆီယံအနေဖြင့် ဦးဆောင်မှု အဓိကအခန်းကဏ္ဍတွင် ပါဝင်ရေးကိစ္စနှင့် ဗီယင်ကျန်းလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေး မဟာဗျူဟာချမှတ်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ ဆွေးနွေးကြရာတွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြား ဆက်ဆံရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် ပိုမိုစည်းလုံးညီညွတ်မှုရှိရေးတို့ကို လည်းကောင်း၊ အာဆီယံ၏ ဦးဆောင်မှုအခန်းကဏ္ဍ မြှင့်တင်နိုင်မည့် နည်းလမ်းများကို လည်းကောင်း ဆွေးနွေးအဖြေရှာကြပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ထိပ်သီးအဆင့် ဆွေးနွေးရာတွင် အာဆီယံအနေဖြင့် တစ်သွေးတစ်သံတည်း ပြောဆိုဆွေးနွေးနိုင်ရန် ယင်းအစည်းအဝေးများ မတိုင်မီ ခေါင်းဆောင်များ ကြိုတင်တွေ့ဆုံရေး (သို့မဟုတ်) ခေါင်းဆောင်များက တာဝန်လွှဲအပ်သူများ ကြိုတင်ညှိနှိုင်းပြီး ခေါင်းဆောင်များထံ တင်ပြရေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် တွေ့ဆုံရာတွင် အာဆီယံ၏ ဘုံသဘောထားကို တညီတညွတ်တည်း ဆွေးနွေးရေးတို့ကို ညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ အာဆီယံ၏ ဦးဆောင်မှု အခန်းကဏ္ဍ မြှင့်တင်ရေးအတွက် အတွင်းရေးမှူးချုပ်ရုံးကို ပိုမိုအားဖြည့်ဆောင်ရွက်ရန် နည်းလမ်းတို့ကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဗီယင်ကျန်းလုပ်ငန်း အစီအစဉ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံအလိုက် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များသည် ဗီယင်ကျန်းလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုနှင့် ဆက်စပ်တူညီနေပါက တပေါင်းတည်း ပေါင်းစပ်ဖော်ပြရေး ကိစ္စရပ်များကိုပါ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကို မွန်းတည့် ၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံပဋိညာဉ် စာတမ်းရေးဆွဲရေးထင်ရှားသည့် ပုဂ္ဂိုလ်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ဘာလီကျွန်းရှိ Tampaksiring Palace ၌ တည်ခင်းသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး ကာလအတွင်း ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၁၉ရက် ညနေ ၄နာရီ မိနစ် ၄၀တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကန်တာသီဆူပါမွန်ခေါ်န်နှင့် မာယာဥဘတ်အပန်းဖြေစခန်းရှိ စာကြည့်တိုက်၌ သီးခြားတွေ့ဆုံပြီး လက်ရှိဖြစ်ပေါ်နေသော ဒေသအတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များ၊ ACMECS နိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၁ရက် တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်နှင့် သစ်ထုတ်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ (ဆွာ) သို့ရောက်ရှိလာရာ ဒုတိယမန်နေဂျာ လက်ထောက်အင်ဂျင်နီယာ ဦးထိန်လင်းက အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ပြင်ဆင်နေသည့် ယန္တရားများနှင့် တွင်ခုံခန်းကို စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၆) သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးမျိုးနိုင်က သစ်ခွဲစက် လည်ပတ်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တောင်ငူ (မြောက်)သစ်ထုတ်ရေးဒေသ၊ ဆွာသစ်ထုတ်ရေးနယ် (၁) မိုးသစ်ဆိပ်သို့ရောက်ရှိလာရာ ဒေသသစ်ထုတ်ရေးလက်ထောက် အထွေထွေမန်နေဂျာ ဦးဘစိန်က တောတွင်းမှ သစ်များ သစ်ဆိပ်သို့ တိုက်ထုတ်နေမှု၊ နောင်နှစ် သစ်ထုတ်ရန် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ် တောင်ငူ (တောင်) သစ်ထုတ်ရေးဒေသ မြေစေးသစ်ဆိပ်သို့ ရောက်ရှိလာရာ ဒေသလက်ထောက် အထွေထွေမန်နေဂျာ ဦးတင်ထွန်းက သစ်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း (အရှေ့)သစ် ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃)သစ်ဆိပ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်း ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းသစ်ဆိပ်ရှိ အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့်လပ်ပုံများ အဆင့်အတန်း သတ်မှတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စိတ်တိုင်းကျစားသောက် ဆိုင်၌ ကျင်းပရာ Digi Product Online, Inc., **ဥက္ကဋ္ဌ ဦးအောင်ဝင်း က ကျိုက်မရောမြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် အောက်စီဂျင်တစ်လုံး ပေးအပ်လှူဒါန်းရာ လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်နန္ဒာနှင်း လက်ခံရယူစဉ်။** (က-ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁) ရပ်ကွက်၊ ရန်ကင်း(၂) လမ်းနေ ဦးသန်းဝင်း-ဒေါ်တင်တင်သန်းတို့၏ မင်္ဂလာသက် (၂၇)နှစ်မြောက်အဖြစ် သား ရဲလင်းထွန်း၊ သမီး လင်းလင်းထိုက် မိသားစုက သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဥဘတ်မြို့၌ ကျင်းပသည့် အာဆီယံ ပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ တတိယအကြိမ် အစည်းအဝေး တက်ရောက်ခဲ့ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၂

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဥဘတ်မြို့တွင် မေ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ တတိယ အကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသိမ်းနှင့် ဌာန စုမှူး (၁) ဦးဇော်နိုင်ဝင်းတို့ ပြန်လည် လိုက်ပါလာကြသည်။

(သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မေ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၅/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် အပြည်ပြည် ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးများ ကျင်းပခြင်း၊ နိုင်ငံတကာ လူမှုဆက်ဆံ ရေးနီတိ၊ သံတမန်ဆက်ဆံရေး၊ နိုင်ငံ တကာ စာပေးစာယူဆက်သွယ်မှု၊ နိုင်ငံ တကာ ဥပဒေ၊ စေ့စပ်ညှိနှိုင်းခြင်းပညာ များကို အထူးပို့ချသွားမည်ဖြစ်သည်။ သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်

ရန်ကုန် မေ ၂၂

ရခိုင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နိုင်ငံပိုင်ဆန်စက်(၁၁)စက်နှင့် ဖွဲနုဆီစက်(၁)စက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်-

စဉ်	ဆန်စက်အမည်နှင့်တည်နေရာ	ကြမ်းခင်းဈေး(ကျပ်သန်း)
၁။	ဆန်စက်အမှတ်(၀၃၅) ရွှေဇားကျေးရွာ၊ မောင်တောမြို့	၆၃ ဒသမ ၁၉၁
၂။	ဆန်စက်အမှတ်(၀၇၁) မြို့သစ်ရပ်ကွက်၊ မာန်အောင်မြို့	၁ ဒသမ ၁၂၃
၃။	ဆန်စက်အမှတ်(၀၃၉) ကင်းမော်ရပ်ကွက်၊ သံတွဲမြို့	၃၃ ဒသမ ၆၆၀
၄။	ဆန်စက်အမှတ်(၀၆၃) ပိုက်သည်ရပ်ကွက်၊ ကျောက်တော်မြို့	၃၉ ဒသမ ၅၃၉
၅။	ဆန်စက်အမှတ်(၀၇၂) မြို့သစ်ရပ်ကွက်၊ မြောက်ဦးမြို့ (မြေနှင့်အဆောက်အအုံမပါ၊ စက်နှင့်စက်ကိရိယာပစ္စည်းသာ)	၀ ဒသမ ၂၅၃
၆။	ဆန်စက်အမှတ်(၀၃၈) င/လပွေရပ်ကွက်၊ ကျောက်ဖြူမြို့	၁၇ ဒသမ ၆၈၅
၇။	ဆန်စက်အမှတ်(၀၃၆) တပ်ရာရွာ၊ ဘူးသီးတောင်မြို့	၅၉ ဒသမ ၅၅၇
၈။	ဆန်စက်အမှတ်(၀၅၁) ကင်းရုံးရပ်ကွက်၊ ဂွမြို့	၁၇ ဒသမ ၈၅၄
၉။	ဆန်စက်အမှတ်(၀၀၃) မင်းဒရာချိတ်ရွာ၊ စစ်တွေမြို့	၂၉၁ ဒသမ ၇၅၇
၁၀။	ဆန်စက်အမှတ်(၀၀၂) ဆတ်ရိုးကျရွာ၊ စစ်တွေမြို့	၇၄ ဒသမ ၃၀၂
၁၁။	ဆန်စက်အမှတ်(၀၀၁) ဆတ်ရိုးကျရွာ၊ စစ်တွေမြို့	၉၀ ဒသမ ၆၆၀
၁၂။	ဖွဲနုဆီစက်အမှတ်(၀၆) ဆတ်ရိုးကျရွာ၊ စစ်တွေမြို့	၁၀၆ ဒသမ ၈၁၁

ဝယ်ယူလိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည်အဆိုပြုလွှာများကို၂၆-၄-၂၀၀၆ ရက်နေ့မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး(စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမှတ် ၃၁၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့)တွင် ဝယ်ယူနိုင်ပါသည်။ ယင်းအဆိုပြုလွှာများကို ၂၆-၄-၂၀၀၆ရက်နေ့တွင် သာ တစ်ရက်တည်း နံနက် ၁၀နာရီမှညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန်အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက် အထား တင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်း ရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင်ဖြည့်စွက်လျှောက် ထားရန်ဖြစ်ပြီး၊ အသေးစိတ် အချက်အလက်များကိုသိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး(စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမှတ်(၃၁၃)၊ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့)၊တယ်လီဖုန်းအမှတ်-၂၄၅၅၁၆ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ထူးထူးခြားခြား အင်တာနက်သတင်းများ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ယူးချောင်းတံတား
၈း၂၀ ၈။ အရေးပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doremon"**
၁၂း၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "တစ်ကြိုးတည်းနှင့် ချည်ထားသည်" (ဒွေး၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ပြည့်ဝ၊ ပန်းဝေသီ)**
၂း၀၀ ၆။ အဆိုပြိုင်ပွဲ
၂း၁၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၂း၂၀ ၈။ အတီးပြိုင်ပွဲ
၂း၃၅ ၉။ "သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅း၀၀ ၅။ တေးဂီတအစီအစဉ်
၅း၁၅ ၆။ မြို့ပြနှင့်ကျေးလက် ခေတ်မီ ဖွံ့ဖြိုးတိုးတက် (တောင်ကြီးမြို့နယ် စည်ပင်သာယာရေး)
၅း၂၅ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ Discovery.
၆း၄၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆း၅၀ ၁၂။ တေးဂီတအစီအစဉ်
၇း၀၀ ၁၃။ မြန်မာမှုပန်းဆယ်မျိုး(ပန်းပု)
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၈)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၃၈)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ရေမြင်း တိုက်ခိုက်ခံရသဖြင့် ဇမ်ဘီယာနိုင်ငံတွင် လူနှစ်ဦးသေဆုံး

လူဆာကာ မေ ၂၂

ဇမ်ဘီယာနိုင်ငံမှ အမျိုးသားတစ်ဦး နှင့် အမျိုးသမီးနှစ်ဦးတို့ စီးနင်းလာသည့် လှေတစ်စင်းကို ရေမြင်းတစ်ကောင် က တိုက်ခိုက်သဖြင့် မိကျောင်း ပေါသည့် ကာဖူအီမြစ်အတွင်း နစ်မြုပ် သွားခဲ့ပြီး အမျိုးသမီးငယ်နှစ်ဦး သေဆုံးခဲ့ရကြောင်း ဒေသခံတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ထိုအဖြစ်အပျက်မှာ ပြီးခဲ့သော သီတင်းပတ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေမြင်းတိုက်ခိုက်ခံရသော နေရာမှာ ဇမ်ဘီယာနိုင်ငံ၏တောင်ပိုင်း မာဇာဘူကာဒေသ အာပူအီမြစ်အတွင်းတွင် ဖြစ်သည်။

၎င်းတို့နှင့်အတူ လိုက်ပါလာသည့် အမျိုးသားတစ်ဦးမှာမူ ရေကူးနိုင်၍ အသက်မသေခဲ့ကြောင်း မာဇာဘူကာ ဒေသရှိ မာလွန်ဒူဒေသမှ ဘိထရစ်ဟာ လိုဘာက ပြောကြားသည်။

ရွာသားများက အလောင်း တစ်လောင်းသာ ရှာဖွေတွေ့ရှိကြောင်း၊ ကျန်တစ်ဦး၏အလောင်းကို မတွေ့ ရသေးကြောင်း၊ ရှာဖွေရေး ဆောင်ရွက်သူများကို ရေမြင်းက တိုက်ခိုက်နေ၍ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံ မြစ်အတွင်း သောင်းကျန်းနေသည့် ရေမြင်းတစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယင်းဒေသတွင် ရေမြင်း အများအပြားရှိနေကြသဖြင့် ရွာခံများသည် ရေထဲဆင်းရန် ကြောက်ရွံ့နေကြသည်ဟု ဟာလိုဘာက ပြောကြားသည်။

ယခုလစောစောပိုင်းကလည်း မာဇာဘူကာဒေသတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ မိကျောင်းနှင့် ရေမြင်းတို့၏ တိုက်ခိုက်ခြင်းခံရသဖြင့် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိရစ္ဆာန်ရုံမှ ဘင်္ဂလားကျားကပ်ပါးပိုးကျရောက်၍ သေဆုံး

ကရာချိ မေ ၂၂

ကပ်ပါးပိုးတစ်မျိုးကြောင့် ပါကစ္စတန်နိုင်ငံရှိ တိရစ္ဆာန်ရုံတွင် မွေးမြူထားသည့် ဘင်္ဂလားကျားနှစ်ကောင် သေဆုံးခဲ့ရကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက မေ ၂၁ ရက်တွင် ပြောကြားသည်။ ဘင်္ဂလားကျားများမှာ မျိုးသုဉ်းတော့မည်ကို စိုးရိမ်နေရသော သတ္တဝါများစာရင်းတွင် ပါဝင်နေသည်။ **(အောက်ပုံ)** ကျားများကို သေစေသော ရောဂါပိုးမှာ သွေးထဲ၌ ရှင်သန်ပေါက်ပွားနိုင်သည့် ထရစ်ပနိုဆိုးမား ကပ်ပါးပိုးတစ်မျိုးဖြစ်ပြီး ခြင်နှင့် ယင် စသည့် ပိုးမွှားများကြောင့် ကူးစက်ပျံ့နှံ့ရခြင်းဖြစ်ကြောင်း တိရစ္ဆာန်ရုံ၏ ဒုတိယညွှန်ကြားရေးမှူး နာဇီယာစလိမ်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား ရုပ်မြင်သံကြားအစီအစဉ် စာနယ်ဇင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၂

Yangon Entertainment က မြဝတီရုပ်မြင်သံကြားတွင် တင်ဆက်ပြသရန်ရှိသော FIFA World Cup 2006 Germany ၏ အကြို မိတ်ဆက်အစီအစဉ်ဖြစ်သည့် "မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား" (Road To Germany) ရုပ်မြင်သံကြားအစီအစဉ်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းမိတ်ဆက် ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ဗိုလ်တထောင်မြို့နယ် ၆၇ လမ်း အမှတ်(၄၀) (ပထမထပ်)ရှိ Yangon Entertainment Co. Ltd. ၏ အစည်းအဝေးခန်းမ၌ ကျင်းပရာ Yangon Entertainment မှ တာဝန်ရှိသူများက FIFA World Cup 2006 Germany ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာ လက်ရွေးစင် ဘောလုံးအသင်း ၃၂သင်း အကြောင်းနှင့် မြန်မာနိုင်ငံ၏ ဘောလုံး အားကစား အောင်မြင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုနိုင်သကဲ့သို့ ဘောလုံး ဝါသနာရှင်အားလုံးလည်း သိခွင့်ရရန် ခက်ခဲသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများအကြောင်းကို နိုင်ငံတကာနှင့်အညီ အလွယ်တကူမြင်တွေ့ခံစားစေလိုသော ရည်ရွယ်ချက်ဖြင့် တင်ဆက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော စာနယ်ဇင်းပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

"မျှော်လင့်စောင့်စား ဂျာမနီ ကမ္ဘာ့ဖလား" ရုပ်မြင်သံကြားအစီအစဉ်ကို မြဝတီရုပ်မြင်သံကြား၌ မေလဆန်းပိုင်းတွင် စတင်ပြသမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာများ ထည့်သွင်းလိုပါက Yangon Entertainment နှင့် ဆက်သွယ်ထည့်သွင်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

"မျှော်လင့် စောင့်စား ဂျာမနီကမ္ဘာ့ဖလား" ရုပ်မြင်သံကြား အစီအစဉ်နှင့် စပ်လျဉ်း၍ စာနယ်ဇင်း မိတ်ဆက် ရှင်းလင်းပွဲကို ကျင်းပစဉ်။ (သတင်းစဉ်)

FIFA WORLD CUP 2006
ROAD TO GERMANY
မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား

အုပ်စု	အသင်း	အုပ်စု	အသင်း
(A)	ဂျာမနီ ကော့စတာရီကာ ပိုလန် အီကွေဒေါ	(E)	အီတလီ ဂါနာ အမေရိကန် ချက်
(B)	အင်္ဂလန် ပါရာဂွေး ထရီနီဒက်နှင့်တိုဘာဂို ဆွီဒင်	(F)	ဘရာဇီး ခရိုအေးရှား သြစတြေးလျ ဂျပန်
(C)	အာဂျင်တီးနား အိုင်ဗရီကို့စ် ဆားဘီးယားနှင့်မွန်တီနီဂရိုး နယ်သာလန်	(G)	ပြင်သစ် ဆွစ်ဇာလန် တောင်ကိုရီးယား တိုဂို
(D)	မက္ကဆီကို အီရန် အင်ဂိုလာ ပေါ်တူဂီ	(H)	စပိန် ယူကရိန်း တူနီးရှား ဆော်ဒီအာရေဗျ

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် တိ-နိ အကျိုးတော်ဆောင်များနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များတို့က ဒဂုံမြို့နယ် အမှတ် (၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ် ၁၁ သိန်းကို တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ (ရန်ကုန်) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စကြာရှင် ဆယ့်တစ်မီးငြိမ်းစေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရနယ်မြေရှိ ရှေးဟောင်း စကြာရှင် ဆယ့်တစ်မီးငြိမ်း စေတီတော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၉ရက်နှင့် ၁၀ ရက်တို့တွင် ယင်းစေတီတော်မြတ်ကြီး ပရိဝုဏ်၌ ကျင်းပသည်။

ယင်းသို့ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာ၌ ဧပြီ ၉ ရက် ည ၉ နာရီတွင် ပန်းတစ်ပွင့်တောင် တောရ နယ်မြေရှိ ရှေးဟောင်း စကြာရှင် ဆယ့်တစ်မီးငြိမ်း စေတီတော်ကြီး၊ ယက္ခတောင်စေတီ၊ ကျွတ်လွတ်စေတီ၊ အောင်ဝိဇ္ဇာစေတီ၊ ကျိုက်ထီးရိုးစေတီပုံတူစေတီနှင့် နဂါးရုံဘုရားတို့အား တောင်လုံးကျွတ်ဆီမီး၊ နံ့သာ ၉၉၀၀ စီ ပူဇော်ပွဲကို ကျင်းပရာတွင် ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန် နာယက ဦးစိုးဝင်းနှင့် ဥက္ကဋ္ဌ ဦးဘိုကြည်တို့က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ၊ နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ ဆီမီးအလှူရှင် ဒေါ်တင်တင်ဝင်းနှင့် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ပူဇော်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ဧပြီ ၁၀ ရက် အရုဏ်တက်ချိန်တွင် ဆယ့်တစ်မီးငြိမ်း စေတီတော်မြတ်ကြီးအား ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြပြီး ပန်းတစ်ပွင့်တောင် တောရနယ်မြေရှိ စေတီဘုရားများအား ဆွမ်း၊ ရေချမ်း၊ သကြားလုံး၊ မုန့်ဆီကြော်နှင့် မုန့်လုံးရေပေါ် ၉၉၀၀ စီကို ကပ်လှူပူဇော်ကြသည်။ (သတင်းစဉ်)

ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀)ပြည့် သမိုင်းမော်ကွန်းပြပွဲအတွက် မှတ်တမ်း၊ ရှားပါးဓာတ်ပုံများ စေတနာငှားရမ်းလှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၂

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA သည်၁၉၀၆ ခုနှစ် မေ ၁၀ ရက်က စတင်၍ ဖွဲ့စည်းခဲ့ရာ ၂၀၀၆ ခုနှစ် မေ ၁၀ရက်တွင် နှစ် (၁၀၀) ပြည့်တော့မည်ဖြစ်ပြီး ကြိုတောင့်ကြိုခဲ နှစ်(၁၀၀)ပြည့်ပွဲတော်ကို မေ ၉ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌လည်းကောင်း၊ မေ ၁၀ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၇၇) ရေကျော်လမ်းရှိ YMBA အသင်းတိုက်ခန်းမဆောင်၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မေ ၉ရက်တွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပမည့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော်ကို နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသင်းက အဓိကဆောင်ရွက်နေသော (၃၈)ဖြာ မင်္ဂလာတရားတော် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဖွဲ့စည်းခဲ့သည်မှ စ၍ ယနေ့အထိ သမိုင်း မော်ကွန်းများ၊ ကျမ်းပြုစာအုပ်များ၊ မှတ်တမ်းများ၊ သတင်းစာဖြတ်ပိုင်းများနှင့် ရှားပါးဓာတ်ပုံများကို ပြသမည်ဖြစ်ရာ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများ၊ ရှားပါးဓာတ်ပုံများ သိမ်းဆည်းထားသူများအနေဖြင့် စေတနာငှားရမ်းလှူဒါန်းကြပါရန် မေတ္တာရပ်ခံထားသည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ဖွင့်

ရန်ကုန် ဧပြီ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)မြို့နယ် တောင်သူကုန်းရပ်ကွက် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ဧပြီ ၂၀ ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲဖွင့်လှစ်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးတင်မြင့်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။ **(ဓါတ်ပုံ)**

အလားတူ ဧပြီလအတွင်း ဇော်ဘွားကြီးကုန်း၊ ပိန္နဲကုန်းနှင့် ရွာမအနောက်ရပ်ကွက်ရှိ ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များ ဆက်လက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ (က-ပ)

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ ရပ်ကွက်(၈)လမ်းမြောက်နေ ဦးသန်းချစ်-ဒေါ်ရွှေ၊ သား မောင်ကျော်ကျော်ဖြိုး၊ သမီး မတင်နီလာချစ် မိသားစုက ဦးသန်းချစ် နှစ်(၆၀) ပြည့်မွေးနေ့အတွက် အလှူငွေကျပ် တစ်သိန်းကို အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးကျော်သန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသောင်းကြည်နှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းရုံးပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံးကို ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အမှတ် (၆၁) ပထမထပ် (မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး MAPT တိုင်းမန်နေဂျာ ရုံးအဆောက်အအုံ)သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်သည်။ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဖုန်း-၂၄၁၉၂၀နှင့် သက်ဆိုင်သည့် ရုံးကိစ္စလုပ်ငန်းများကို ရုံးလိပ်စာသစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ဒီမိုကရေစီ ထွန်းကားတည်တံ့ရေးအတွက် လိုအပ်သော အခြေခံကောင်းများကို အသွင်ကူးပြောင်းရေးကာလ၌ ခိုင်ခိုင်မာမာ ထူထောင်ထားနိုင်ရန် လိုအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ကျွန်းကုန်းတံတား တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာသို့ ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကျွန်းကုန်းကျေးရွာအနီး တည်ဆောက်မည့် ကျွန်းကုန်းတံတားတည်ဆောက်ရေးစီမံကိန်း ယာယီရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကျွန်းကုန်းတံတား တည်ဆောက်ရန် မြေနေရာလေးနေရာ ရွေးချယ်ခဲ့မှု၊ ရွေးချယ်သည့် နေရာများအနက် တံတားတည်ဆောက်ရန် အသင့်လျော်ဆုံးဖြစ်သည့် အမှတ်(၂) တံတားအူကြောင်းနေရာ၌ တံတားတည်ဆောက်ရန် ရွေးချယ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖျာပုံတံတား

ဧရာဝတီတိုင်း ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ ယခုအခါ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နိုင်ငံပိုင်စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးရင်း သွင်းကုန်အစားထိုး စက်ရုံ၊ အလုပ်ရုံ အသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်။

ခေါင်းကြီး (စာမျက်နှာ-၂)

☆ နိုင်ငံတော်အစိုးရ၏ အဋ္ဌမရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တည်ငြိမ်အေးချမ်းမှုသည် အခြေခံကျလှပေသည်။

မြင့်စိုး (နတလ)၏ ***"ငြိမ်းချမ်းခြင်းသည်သာ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာ၊ အမွန်မြတ်ဆုံးအရာ၊ အလှဆုံးအရာ"***

ဆောင်းပါး (စာမျက်နှာ-၃)